# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွအပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် မတ် ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွ အပြန်အလှန် ပူးပေါင်း

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ထုတ်ပြန်ကြေညာ**

ပြည်တွင်းသတင်း စာ ၉





**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပပြုလုပ်**

ပြည်တွင်းသတင်း စာ ၁၁

# (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024) ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့်ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသောအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/ nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ **၂၀-၄-၂၀၂၄ ရက်နေ့နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မရပ်တန့်နိုင်သေးတဲ့ အကြမ်းဖက်သတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် မတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မိဘနှင့်ခွဲခွာပြီး တစ်မြို့တစ်ရွာတွင် ပညာသင်ကြားနေရသည့် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ ဖမ်းဆီးခြိမ်းခြောက်ခံရမှုများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **"၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ"** ကို ၂၀၂၄ ခုနှစ် မတ် ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို**(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၅**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

မြန်မာ့အလင်း

## ဒစ်ဂျစ်တယ်ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာမည့်မြန်မာဘာသာစာပေ

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၃-၂၀၂၈)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် စီမံကိန်းစတင်အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့ရာ အဆိုပါစီမံကိန်းမိတ်ဆက်တင်ပြခြင်းအခမ်းအနားကို ပြီးခဲ့သည့် မတ် ၄ ရက်နေ့က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါစီမံကိန်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်ဦးရေ ၂၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့သော မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီကို ဖွဲ့စည်းရာတွင် AI နည်းပညာအကူအညီဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်တွင် မြန်မာဘာသာစကားနှင့် စာပေကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာစာနှင့် တိုင်းရင်းသားဘာသာစကားများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များ ထားရှိခြင်းဖြစ်ရာ မိမိတို့နိုင်ငံ၏ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားသာမက တိုင်းရင်းသားဘာသာစကားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် သတင်းပြန်ကြားရေးဆိုင်ရာနည်းပညာများ လျင်မြန်စွာတိုးတက်လျက်ရှိပြီး ဆက်သွယ်ရေးကွန်ရက်များတွင် စတုတ္ထမျိုးဆက်၊ ပဉ္စမမျိုးဆက်၊ ဆဋ္ဌမမျိုးဆက် စသည်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိသည်။

စမတ်ဖုန်းများကို အသုံးပြု၍ ဘာသာစကားတစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်သွယ်ကြရာတွင် စာဖြင့်ဖြစ်စေ၊ စကားသံဖြင့်ဖြစ်စေ ကြားလူမပါဘဲ ဘာသာပြန်ဆိုနိုင်ကြပြီဖြစ်ရာ ကမ္ဘာအနှံ့သွားလာရာတွင် ဘာသာစကားအဟန့်အတားမှ များစွာလျော့ကျသွားမည်ဖြစ်သည်။ ဘာသာပြန်ဆော့ဖ်ဝဲများကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြရာတွင် ဘာသာစကားတစ်ခုနှင့်တစ်ခု ဖွဲ့စည်းတည်ဆောက်ပုံကွာခြားခြင်း၊ ဝေါဟာရများ၊ စကားလုံးများတွင် အနက်အဓိပ္ပာယ်တစ်ခုထက်မက ရှိနေတတ်ခြင်း၊ စကားပရိယာယ်ထွေပြားခြင်း၊ တိုက်ရိုက်ပြန်ဆို၍မရခြင်း စသည့်အခက်အခဲများကြောင့် ဆော့ဖ်ဝဲက ပြန်ဆိုပေးသည့် ဘာသာပြန်ဆိုချက်မှာ တစ်ခါတစ်ရံလွဲမှားနေတတ်သလို ရယ်စရာဖြစ်နေတတ်သည်ကိုလည်း တွေ့ရတတ်သည်။ တစ်ခါတစ်ခါ တက်တက်စင် လွဲနေကာ ဆိုလိုသည်က တခြား၊ ဘာသာပြန်ထားသည်က တလွဲဖြစ်နေပြီး စာပိုဒ်တစ်ပိုဒ်လုံး၊ ဝါကျတစ်ကြောင်းစီ ဘာဆိုလိုသည်မသိလည်း ဖြစ်နေတတ်သည်။ မိမိဘာသာစကားမှလွဲ၍ တခြားမည်သည့်ဘာသာစကားမှ မတတ်စေကာမူ စမတ်ဖုန်းတစ်လုံးကိုင်၍ နိုင်ငံတကာသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်ခေတ်တွင် မြန်မာစာ၊ မြန်မာစကားသည်လည်း ထုံးမီစံမျှဖြစ်ရန်လိုသည်။ မြန်မာစာ၊ မြန်မာစကားဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်နိုင်စေရမည်။

ယခုအခါ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်လာပြီး လူသားတို့၏ တွေးခေါ်မြော်မြင်၊ ဆင်ခြင်စဉ်းစားပုံတို့ကို တုပလာနိုင်ပြီဖြစ်ရာ ၎င်းနည်းပညာနှင့် ချိတ်ဆက်ထားခြင်းဖြင့် ဘာသာပြန်ဆိုမှုများတွင် လွဲခြင်း၊ မှားခြင်း၊ မဆီလျော်ခြင်း၊ မချောမွေ့ခြင်းတို့ကင်းစင်၍ ဆိုလိုရင်းကို ရှင်းလင်းစွာ၊ တိကျစွာ၊ အနီးစပ်ဆုံးမှန်ကန်စွာ ပြန်ဆိုလာနိုင်ပြီဖြစ်သည်။ "AI နည်းပညာနှင့် မြန်မာဘာသာစကားကို ပေါင်းစပ်တည်ဆောက်နိုင်ခြင်းသည် ကိုယ်ပိုင် AI နည်းပညာတစ်ခု မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာစေမည်ဖြစ်သကဲ့သို့ မြန်မာ့ AI နည်းပညာအဆင့်အတန်း မြင့်မားစေရန်အတွက် အဆင့်တစ်ဆင့်သို့ တက်လှမ်းနိုင်ခြင်းလည်းဖြစ်ကြောင်း၊ AI နှင့်မြန်မာဘာသာစကား ပေါင်းစပ်ထားသည့် ကွန်ပျူတာ၏ဘာသာစကားစွမ်းဆောင်မှုနည်းပညာ (NLP) သည် အခြား AI နည်းပညာများအားလုံးနှင့် ချိတ်ဆက်ထားသည့် အရေးကြီးဆုံးနည်းပညာတစ်ခုဖြစ်ရာ စီမံကိန်းလုပ်ငန်းများမှ ထွက်ပေါ်လာမည့် AI နည်းပညာရလဒ်များသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း" ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမိတ်ဆက်တင်ပြခြင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

AI နည်းပညာအကူအညီဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်တွင် မြန်မာဘာသာစကားနှင့်စာပေကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေမည့် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နှစ်ထောင်းအားရစွာ ကြိုဆိုလိုက်ရပါကြောင်း။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား လက်ခံတွေ့ဆုံစဉ်။

**“ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ”**

❍ *ရွှေ့ဖုံးမှ*

ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ သီရိလင်္ကာနိုင်ငံတွင် ပညာ သင်ကြားလျက်ရှိမှုနှင့် သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား မြန်မာနိုင်ငံမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခဲ့မှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းများတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာများတွင် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်အရ “Python for Econometrics” သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၅**

နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်အရ “Python for Econometrics” သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**သချ်ာပုစ္ဆာများကိုဖြေရှင်းနိုင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက Python သည် Web applications များ ဖန်တီးနိုင်ခြင်း၊ Database systems များနှင့် ချိတ်ဆက်နိုင်ခြင်း၊ Files များကို ဖတ်နိုင်/ပြင်နိုင်ခြင်း၊ Big data များကို ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်ခြင်း၊ ရှုပ်ထွေးခက်ခဲနက်နဲသော သချ်ာပုစ္ဆာများကို ဖြေရှင်းနိုင်ခြင်း၊ Prototype နှင့် Software Development များကိုလည်း ဆောင်ရွက်နိုင်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပါကြောင်း။



**ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် စီမံဆောင်ရွက်**

ယခုသင်တန်း၌ Python ကို စီးပွားရေးအတိုင်းအတာပညာရပ်နှင့် ပေါင်းစပ်ပြီး အခြေခံ သိသင့်သိထိုက်သော အသိပညာများကို သင်ကြားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများတွင် အများဆုံးရင်ဆိုင်ကြုံတွေ့နေရသည့် ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်များကို စနစ်တကျမြှင့်တင်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အဆိုပါစီမံခန့်ခွဲမှု အရည်အချင်းများတွင် စီးပွားရေးလုပ်ငန်းများစတင်ရာ၌ ဆောင်ရွက်ရမည့် အခြေခံအချက်များ၊ မိမိလုပ်ငန်း၏ ပုံစံပြောင်းလဲဆောင်ရွက်ရာတွင် လိုအပ်သည့်အခြေခံချက်များ၊ စီမံခန့်ခွဲသူတစ်ဦး၏ ရှိရမည့်အရည်အချင်းများ၊ ထပ်မံဖြည့်စွက်ရမည့် လိုအပ်ချက်များ စသည်တို့ ပါဝင်ပါကြောင်း၊ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် အစီအမံများ၊ စီမံချက်များကို မိမိတို့ တွေ့ကြုံ/လေ့လာခဲ့သည့် အသိပညာ ဗဟုသုတများကို အခြေခံရေးဆွဲ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်**

ဆက်လက်၍ သင်တန်းနည်းပြက သင်တန်း၌ လေ့ကျင့်သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို တင်ပြဆွေးနွေးသည်။ သင်တန်းသို့ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ အရာထမ်း ၄၃ ဦး တက်ရောက်ပြီး သင်တန်းကို တစ်ပတ်လျှင် သင်ကြားချိန် လေးနာရီဖြင့် ခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၂/ ၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ် (၁၈) ၌ ကျင်းပပြုလုပ်ခဲ့ရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အတူ ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြား ထားသူများ တက်ရောက်ခဲ့သည်။

**အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌက ပြောကြားရာတွင် စက်သုံးဆီ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြည်သူများ သက်သာသည့် ဈေးနှုန်းများနှင့် ဝယ်ယူ အသုံးပြုနိုင်ရေးနှင့် လုပ်ငန်းရှင်များက ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချ နိုင်ရေး၊ သက်ဆိုင်ရာကော်မတီများမှ အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တရားမဝင် စက်သုံးဆီ များ ရောင်းချမှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် တရားမဝင် စက်သုံးဆီ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဖေဖော် ဝါရီလအတွင်း တနင်္သာရီတိုင်းတွင် စက်သုံးဆီ (၃.၈၁၀) တန် ခန့်မှန်းတန်ဖိုး ကျပ် (၁၂) သန်းနှင့် မကွေးတိုင်းတွင် စက်သုံးဆီ (၁၀.၄၆၄) တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅.၉၉၂) သန်း၊ စုစုပေါင်းစက်သုံးဆီ (၁၄. ၂၇၄) တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၇.၉၉၂) သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း။

စက်သုံးဆီဆိုင်များနှင့်ပတ်သက်ပြီး အဆင်ပြေချောမွေ့စွာ ရောင်းချနေမှုများ အား အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့ အထိ ပြည်ထောင်စုနယ်မြေ၊ နေပြည် တော်အပါအဝင် တိုင်းဒေသကြီး/ ပြည် နယ်များရှိ စက်သုံးဆီ Terminal များနှင့် စက်သုံးဆီ အရောင်းဆိုင်များအား CCTV Link ချိတ်ဆက်ပြီးစီးမှုအနေဖြင့် စုစုပေါင်း Terminal (8) ခုနှင့် စက်သုံးဆီဆိုင် (၅၉၁) ဆိုင်အား ချိတ်ဆက် ဆောင်ရွက် ပြီး ဖြစ်ပါကြောင်း။

ဆီဘောက်ဆာယဉ်များ ဖြတ်သန်း သွားလာမှု အခြေအနေများကိုလည်း အချိန် နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ Toll Gate များတွင်လည်း CCTV Camera များ တပ်ဆင်ပြီးစီးမှု အနေနှင့် Toll Gate ပေါင်း (၅၂) ခုနှင့် CCTV အရေအတွက် (၅၄၂) ခု တပ်ဆင်ပြီးဖြစ် ပါကြောင်း။

**စိစစ်ကြပ်မတ်ဆောင်ရွက်**

အများပြည်သူများအနေဖြင့် Online အသုံးပြုပြီး နီးစပ်ရာ စက်သုံးဆီအရောင်း ဆိုင်များမှ လိုအပ်သည့် စက်သုံးဆီ အမျိုး အစားကို ရောင်းဈေးနှုန်းသိရှိပြီးလိုအပ် သလောက် အလွယ်တကူဝယ်ယူနိုင်မယ့် Software Application တစ်ခုအား ရေးဆွဲပြီးဖြစ်ပါသဖြင့် ဖေဖော်ဝါရီလကုန် မှစ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည် တော်တွင်ရှိသည့် စက်သုံးဆီအရောင်းဆိုင် များတွင် စမ်းသပ်အသုံးပြုလျက်ရှိပြီး Software အား လိုအပ်ချက်တချို့ ပြင်ဆင်မွမ်းမံ၍ ယခုမတ်လအတွင်း၌ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ် တွင်ရှိသည့် စက်သုံးဆီအရောင်းဆိုင် (၃၀၀) ကျော် အသုံးပြုနိုင်ရန် စီစဉ်ဆောင် ရွက်လျက်ရှိပါကြောင်း။

စားအုန်းဆီဈေးနှုန်းနှင့်ပတ်သက်ပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းဝယ် ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန် ပေးလျက်ရှိပါကြောင်း၊ စားသုံးဆီများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လိုအပ်ချက်များကို စိစစ်၍ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိပြီး ဈေးကွက်/ ဈေးနှုန်း တည်ငြိမ်စေရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်အပါအဝင် အခြားတိုင်း ဒေသကြီး/ပြည်နယ်အလိုက် အစိုးရအဖွဲ့ များ၏ လမ်းညွှန်မှုနှင့် သက်ဆိုင်ရာ ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့မှ ကြီးကြပ်၍ မြို့နယ်များအထိ စားသုံးဆီ ဖြန့်ဖြူးရရှိသည့်အရေအတွက် သတ်မှတ် ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိ/ မရှိ၊ စားသုံးဆီလက်ဝယ်ရရှိခြင်း ရှိ/မရှိ တို့ကို စိစစ်ကြပ်မတ် ဆောင်ရွက်စေလျက် ရှိပါကြောင်း။

ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှု အနေဖြင့်လည်း ၂၀၂၃ ခုနှစ်၊ အောက်တို ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကုမ္ပဏီ (၁,၃၀၁) ခုမှ အမေရိကန်ဒေါ်လာ (၂၈၃.၃၆) သန်း၊ တရုတ်ယွမ် (၃၂၁. ၈၁) သန်းနှင့် ထိုင်းဘတ် (၈၇၆.၁၅) သန်း ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကာလတူ ဖြစ်သော ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကုမ္ပဏီ (၂၁၅) ခုမှ အမေရိကန်ဒေါ်လာ (၄၅.၁၄) သန်း၊ တရုတ်ယွမ် (၁၀၉) သန်းနှင့် ထိုင်း ဘတ် (၁၈၇.၆၇) သန်းသာ ဝင်ရောက်ခဲ့ သဖြင့် ကာလတူထက်ကုမ္ပဏီ (၁,၀၈၆) ခုမှ အမေရိကန် ဒေါ်လာ (၂၃၈.၂၂) သန်း၊ တရုတ်ယွမ် (၂၁၂.၈၁) သန်းနှင့် ထိုင်း ဘတ် (၆၈၈. ၄၈) သန်း ပိုမိုဝင်ရောက်ခဲ့ သည်ကို တွေ့ရှိရပါကြောင်း။

**အရေးယူဆောင်ရွက်**

ပို့ကုန်ရငွေပေးသွင်းရန် ကျန်ရှိနေ သေးသည့် ကုမ္ပဏီများကိုလည်း သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်း မရှိပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံး လုပ်နည်းများအတိုင်း အရေးယူ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပို့ကုန်၊ သွင်းကုန် ငွေကြေးဆိုင်ရာ မူဝါဒများအား ယခင်ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) ပါအတိုင်း ဆက်လက် ဆောင်ရွက်စေလျက်ရှိပါ ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် မကုန်မီ လျာထားချက်ပြည့်မီအောင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး အလေး ထား ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ် ပါကြောင်း။

**ကူညီဖြေရှင်းဆောင်ရွက်ပေးရမည်**

ပြည်ပသို့ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့ နိုင်ရေးနှင့်ပတ်သက်ပြီး ပို့ကုန်လုပ်ငန်းရှင် များ၏ အခက်အခဲများကို သိအောင် လေ့လာပြီး ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအနေဖြင့် ကူညီဖြေရှင်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် အခက်အခဲ ဖြစ်နေမှုများနှင့် ကြန့်ကြာနေမှုများကို သိရှိအောင်လေ့လာပြီး ဖြေရှင်းရမည့်အစီ အမံများကို သက်ဆိုင်ရာဝန်ကြီးဌာန များမှ အမြန်ဆုံးတင်ပြပေးရန်လိုအပ် ပါကြောင်း။

ပြည်တွင်း/ ပြည်ပ ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ လူထုအကျိုးစီးပွားကို ရှေးရှုဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်း များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး၊ လွယ်ကူလျင်မြန် ချောမွေ့စေရေး၊ ပို့ကုန်ကဏ္ဍတိုးမြှင့်ရေး တို့ကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် တက်ရောက်လာကြ သည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း။

ထို့နောက် အစည်းအဝေးသို့ တက် ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ ဝင်များနှင့် အထူးဖိတ်ကြားထားသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေး တင်ပြခဲ့ကြသည်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ပဲခူးတက္ကသိုလ်၌ အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲကျင်းပ



**ပဲခူး မတ် ၅**

ပဲခူးတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အင်္ဂလိပ်ဘာသာ စကားစွမ်းရည်ပြိုင်ပွဲ လက်ငင်း ဟောပြောချက်နှင့် စာပေစကား ဝိုင်း ဆွေးနွေးပွဲကို မတ် ၅ ရက် နံနက်ပိုင်းက ပဲခူးတက္ကသိုလ် Community Centre ခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအေးအေး ခိုင်က အမှာစကား ပြောကြား ပြီး အင်္ဂလိပ်စာဌာနမှ တွဲဖက် ပါမောက္ခဒေါ်မြင့်မြင့်ချိုက အင်္ဂလိပ် ဘာသာစကားကျွမ်းကျင်မှုစွမ်းရည် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝိဇ္ဇာ/သိပ္ပံအထူးပြု ဘာသာရပ်များမှ ကျောင်းသား ကျောင်းသူ ၁၆ ဦးက အံ့ဩသင့်မိ သောအရာ၊ အားကစားလေ့ကျင့် ခြင်း၏အကျိုးကျေးဇူး၊ သမိုင်းဝင် နေရာတစ်ခုသို့ အလယ်တစ်ခေါက်၊ အားကစားလုပ်ခြင်းသည် ကျောင်း သားများအတွက် ဘာကြောင့် အရေးကြီးသလဲ၊ ပဲခူးတက္ကသိုလ် မှရရှိသော ချိုခါးခါးအမှတ်တရ များ၊ လူသားများနှင့် ပတ်ဝန်းကျင် ဆိုင်ရာပြဿနာများ၊ ကျွန်ုပ်အနှစ် အသက်ဆုံး တန်ဖိုးနည်းသော အာဟာရအစားအစာ၊ TV ကြည့် ရာမှ လေ့လာသင်ယူမိသော အရာ များ စသည့်ခေါင်းစဉ်များဖြင့် လက်ငင်းစကားပြော ပြိုင်ပွဲဝင် ကြပြီး ကျောင်းသား ကျောင်းသူ ၂၀ က အဖွဲ့လေးဖွဲ့ခွဲ၍ လူငယ် နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်ပလတ် စတစ်ဆာဂျရီ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူငယ်နှင့် စည်းကမ်းခေါင်းစဉ်များဖြင့် စကား ဝိုင်း ဆွေးနွေးကြသည်။

ထို့နောက် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အဖြစ် ကျင်းပခဲ့သည့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ သချ်ာစွမ်းရည် ပြိုင်ပွဲများနှင့် အင်္ဂလိပ်ဘာသာ စကား စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသူ ကျောင်းသား ကျောင်း သူများအား ပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်၊ ဒုတိယ ပါမောက္ခချုပ်များ ဖြစ်သည့် ဒေါက်တာ အေးအေးခိုင်မြင့်၊ ဒေါက်တာစန်းယုမော်နှင့် တာဝန် ရှိသူများက ဆုများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

**သက်ထက်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ – သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း - မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး မြှင့်တင်ခြင်းစီမံကိန်းမိတ်ဆက်ပွဲကျင်းပ




**နေပြည်တော် မတ် ၅**

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် "မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း–မဲခေါင်နိုင်ငံများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး မြှင့်တင်ခြင်းစီမံကိန်း" မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အကျိုးအမြတ်ခံစားရမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ ထွက်ရှိသော လယ်ယာ၊ သား၊ ငါး ထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက် တိုးချဲ့နိုင်ရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးသည် အရေးပါသည့် သော့ချက်တစ်ခု ဖြစ်ကြောင်း၊ ပြည်ပဝယ်လိုအား ကောင်းမွန်လာသဖြင့် ဈေးကောင်းရသော အစေ့ထုတ်ပြောင်း၊ မတ်ပဲ စသည့် လယ်ယာ ထွက်ကုန်များနှင့် ရေထွက်ကုန်ပစ္စည်းများကို တောင်သူများ တိုးချဲ့ထုတ်လုပ်လျက်ရှိရာ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန် စီစဉ်ပေးနိုင်သည်နှင့်အမျှ ထုတ်လုပ်သူ တောင်သူများနှင့်အတူ ဝယ်လိုအား၊ ရောင်းလိုအား ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများအားလုံး အကျိုးအမြတ် ခံစားရမည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးကိုလည်း များစွာ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

ကုန်သွယ်ဖက် နိုင်ငံများနှင့် အချင်းချင်း လိုက်လျောညီထွေမှု ရှိစေရန်နှင့် ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရန်တို့အတွက် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ၊ စည်းကမ်းသတ်မှတ်ချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များကို အပြန်အလှန်လိုက်နာကြရန်လည်း လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာ၊ သား၊ ငါး ကဏ္ဍထုတ်ကုန်များ၏ ကုန်သွယ်မှုအခြေအနေများနှင့် တွေ့ကြုံရသော အခက်အခဲများကို လေ့လာ၍ အဖြေရှာခြင်းကို ယခုစီမံကိန်းမှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပြီး အမှန်လေ့လာသိရှိရသည့် ရလဒ်များအပေါ် အခြေခံ၍ ကုန်သွယ်မှု လျှင်မြန် ချောမွေ့စေရေးကို အထောက်အကူပြုနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ကဏ္ဍများအလိုက်တင်ပြ**

ဆက်လက်၍ စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ညီနောင် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်း ကဏ္ဍများအလိုက် တင်ပြဆွေးနွေးခြင်း၊ ကဏ္ဍအလိုက် အုပ်စုများ စုဖွဲ့ဆွေးနွေးခြင်းနှင့် အုပ်စုအလိုက် ဆွေးနွေးတွေ့ရှိချက်များကို စုပေါင်းသုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်း ၃၅ ခုကို ၂၀၁၇ ခုနှစ်မှစတင်၍ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၈ သန်း ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ သန်းဖြင့် ၂၀၂၃ ခုနှစ်အတွက် စီမံကိန်း လေးခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကာ စီမံကိန်းတစ်ခုချင်း၏ လုပ်ငန်းအကြောင်းအရာများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ယခုအခမ်းအနားတွင် ရှင်းလင်းအသိပေး ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တို့အကြား အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ် (SPS Protocol) များ လက်မှတ်ရေးထိုးထားရှိရာတွင် ဆန်၊ ပိုးအိမ်ခြောက်၊ ပြောင်းနှင့် ငှက်ပျောသီးနှံများ တင်ပို့ခြင်း၊ မွေးမြူရေးနှင့် သဘာဝမှဖမ်းဆီးရရှိသည့်ရေထွက်ပစ္စည်းတင်ပို့ခြင်း၊ တရုတ်နိုင်ငံသို့ ကျွဲ၊ နွားအရှင် တင်ပို့ရေးနှင့် သက်ဆိုင်သော သဘောတူညီမှုတို့ပါဝင်ပြီး အခြားပို့ကုန်များအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**အထောက်အကူပေးနိုင်**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်များနှင့် နောင်တွင်လက်မှတ်ရေးထိုးမည့် သဘောတူစာချုပ်များဆိုင်ရာ လယ်ယာထွက်ကုန်များ၏ ဈေးကွက်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်သည့် အဆိုပါစီမံကိန်းတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး လုပ်ထုံးလုပ်နည်းများ လေ့လာဆန်းစစ်နိုင်ရန်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်စေရန်၊ တောင်သူလယ်သမားများ၊ ကုန်သည်နှင့် လက်ကားရောင်းချသူများအပါအဝင် ကုန်သွယ်မှုတွင် ဆက်စပ်သော ပြည်တွင်းအဖွဲ့အစည်းများ၏ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးဆိုင်ရာ နည်းပညာနှင့် အသိပညာတိုးမြှင့်လာနိုင်စေရန်၊ မြန်မာနိုင်ငံရှိ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးကို အထောက်အကူ ပေးနိုင်ရန် ရည်ရွယ်ချက်များလည်း ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်တက္ကသိုလ် အခြေခံဂျူဒိုနှင့် မြန်မာ့ရိုးရာခြင်းလုံးသင်တန်း စွမ်းရည်ပြပွဲနှင့် သင်တန်းဆင်းပွဲကျင်းပ



**ပြည် မတ် ၅**

ပြည်တက္ကသိုလ် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ အခြေခံဂျူဒိုနှင့် မြန်မာ့ရိုးရာခြင်းလုံးသင်တန်း စွမ်းရည်ပြပွဲနှင့် သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ယင်းတက္ကသိုလ် အားကစားရုံ၌ကျင်းပရာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ သင်ကြား/စီမံဌာနမှူးများ၊ ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဘာသာရပ်ပေါင်းစုံမှ အခြေခံဂျူဒို သင်တန်းသား သင်တန်းသူ အားကစားမောင်မယ်များက အဖွဲ့အလိုက် ဂျူဒို အားကစားနည်း ခုနစ်မျိုးသရုပ်ပြခြင်းနှင့် နှစ်ဦးချင်းအပြိုင် ဂျူဒို စွမ်းရည်များပြသကြပြီး မြန်မာ့ရိုးရာခြင်းလုံး သင်တန်းသားခြောက်ဦးက ရိုးရာခြင်းအလှခတ်ဖြင့် သရုပ်ပြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

ထို့အပြင် ပြည်တက္ကသိုလ်တွင် ကျင်းပခဲ့သော (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ၊ သချာၤစွမ်းရည်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများနှင့် တက္ကသိုလ်ပေါင်းစုံ (အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသူကိုလည်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာ ဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီး များ ကြွရောက်တော်မူကြပြီး သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည် ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသက သဘာ ပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်း အနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

**ဖတ်ကြားလျှောက်ထား**

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ၏အရေအတွက်ကိုဖတ်ကြားလျှောက်ထား ပြီး အစည်းအဝေး အထမြောက်အောင်မြင် ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားသည်။

**(ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသ၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာ့ရန်စွယ် အန္တရာယ်များကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြု ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ ဓမ္မစက် အာဏာစက် နှစ်ချက် ကုံလုံပြည့်စုံစွာဖြင့် ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါ ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပည့် တော်တို့ ဒါယကာ၊ ဒါယိကာမများဘက် ကလည်း ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့မှုအပြင် ဓမ္မစက်ကို အာဏာ စက်ဖြင့် ခိုင်မြဲအောင် လက်တွဲညီညာစွာ သာသနာပြုသွားမည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

**ကဏ္ဍအလိုက် တင်သွင်းလျှောက်ထား**

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျ ရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာ ပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာ လင်္ကာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက် ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုစိတ္တက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသာဘိဝံသက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်း လျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယ ရေးရာကိစ္စရပ်များကို တင်ပြ လျှောက်ထားရာ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများက ဝေဖန် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်း အဝေးကို ရပ်နားခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက် တော်မူလာကြသော နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အရုဏ်ဆွမ်း၊ နေ့ဆွမ်းတစ်နေ့တာ ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

# သီပေါမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲကျင်းပ

**သီပေါ မတ် ၅**

ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည် တည်တံ့ ပြန့်ပွားစေရေးနှင့် သာသနာတော်၏ မျိုးဆက်သစ် များ ပေါ်ထွန်းလာစေရေးအတွက် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒ ဆရာတော်ကြီးအား အမှူး ထား၍ နာယက ဆရာတော်ကြီး များ၊ ကြီးကြပ်ဆရာတော်များနှင့် ပုစ္ဆကဆရာတော်များ ကြီးကြပ် မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ (၄၁) ကြိမ် မြောက် ပရိယတ္တိ စာပြန်ပွဲတော်ကို ယနေ့နံနက်ပိုင်းက မဟာမြတ်မုနိ ဘုရားကြီး အာရုံခံတန်ဆောင်း တော်၌ ကျင်းပသည်။



ပရိယတ္တိ စာပြန်ပွဲတော်သို့ နာယက ဦးစိုင်းချစ်လှိုင်၊ မြို့နယ် ဥပတ္ထမ္ဘက အဖွဲ့ဥက္ကဋ္ဌ ဦးခင် မောင်ဝင်း၊ အတွင်းရေးမှူး ဦးစိုင်း စိန်လင်းနှင့် တာဝန်ရှိသူများ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ၊ အလှူ ရှင်များ၊ မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ဝင်များ၊ ရေကြည်တော်ဝတ်အသင်းသား များနှင့် ပရဟိတပါရမီရှင်များက ဆရာတော်၊ သံဃာတော်အရှင်သူ မြတ်များ၏ ဆွမ်း၊ ကွမ်း ဝေယျာ ဝစ္စများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲတော်တွင် ပထမ ငယ် ၂၂ ပါး၊ အခြေပြု ၁၈ ပါး၊ ပထမအဆင့် ၅၅ ပါးနှင့် မူလ အဆင့်၂၁၂ ပါး စုစုပေါင်း ၃၀၇ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။ စာဖြေ သံဃာတော်များအား လှူဒါန်းလိုကြသော အလှူရှင်များ အနေဖြင့် နာယကဆရာတော်ကြီး သုံးပါး တစ်ပါးလျှင် ငွေကျပ် ၂၀၀၀၀၊ ကြီးကြပ်ဆရာတော် ၁၂ ပါး တစ်ပါးလျှင် ငွေကျပ် ၁၅၀၀၀၊ ပုစ္ဆကဆရာတော် ၁၈ ပါး တစ်ပါး လျှင် ငွေကျပ် ၂၅၀၀၀ နှင့် ပထမ ငယ် ၂၂ ပါး တစ်ပါးလျှင် ငွေကျပ် ၂၀၀၀၀၊ အခြေပြု ၁၈ ပါး တစ်ပါး လျှင် ငွေကျပ် ၁၈၀၀၀၊ ပထမ အဆင့် ၂၂ ပါး တစ်ပါးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် မူလအဆင့် ၂၁၂ ပါး တစ်ပါးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့နှင့် မြို့နယ် ပရိယတ္တိစာပြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**နေပြည်တော် မတ် ၅**

ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ် ရက်ကာလများတွင် အားလပ်ချိန် ကို အကျိုးရှိရှိအသုံးချပြီး မိမိတို့ အတွက် အကျိုးရှိစေမည့် ယဉ်ကျေး လိမ္မာမှုများကို လေ့လာသင်ယူနိုင် ရန်၊ မိမိတို့ကိုးကွယ်ယုံကြည်မှုနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် ဘုရားရှိခိုးခြင်း၊ သီလဆောက် တည်ခြင်း၊ မိမိတို့ ဗုဒ္ဓမြတ်စွာ ဘုရားနှင့်ပတ်သက်သည့် သမိုင်း ကြောင်းဆိုင်ရာ ဗုဒ္ဓဝင်နှင့် ဗုဒ္ဓ ဘာသာကို သက်ဝင်ယုံကြည်သူ တိုင်း လက်ကိုင်ထားကျင့်သုံးရ မည့် မင်္ဂလသုတ်တော်အပါအဝင် အခြား သိသင့်သိထိုက်သည့် ဘာသာရေးဗဟုသုတများကို သိရှိ စေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ ၌ ဖွင့်လှစ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက် ကြသည်။



ဦးစွာ တိုင်းမှူးက သင်တန်း ဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိ သူများက သင်တန်းသား၊ သင်တန်း သူများအတွက် သင်ထောက်ကူ ပစ္စည်းများပေးအပ်ပြီး **(အပေါ်ပုံ)** သင်တန်းသား၊ သင်တန်းသူ များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌ လည်း တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား အဆိုပါ သင်တန်းကို ဖွင့်လှစ် သင်ကြားပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ကာလ ဒေသ ဌာန အားလျော်စွာ ၁၉၈၀ ပြည့်နှစ်၊ မေလတွင် ထေရဝါဒဗုဒ္ဓသာသနာသံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းတို့ အယူသီလတူမျှစွာ ညီညွတ်မှုရရှိပြီး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထိုအစည်းအဝေးကြီးမှ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ ဆောင်ရွက်ရာတွင် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူကို ချမှတ်နိုင်ခဲ့ပါသည်ဘုရား။ ယင်းမူအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ သံဃနာယက လက်စွဲ၊ ညွှန်ကြားလွှာများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိစာမေးပွဲအသီးသီး ကျင်းပရေးဆိုင်ရာ စည်းမျဉ်းများ၊ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းများစသည်ဖြင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ၍ ဆောင်ရွက်နိုင်ခဲ့ကြပါသည်ဘုရား။ ထိုစည်းမျဉ်းများကိုလည်း မဟာ ကရုဏာရှင်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်၏ ဓမ္မဝိနယတို့နှင့် မသွေဖည် ညီနိုင်သမျှညီစေရေး တပည့်တော်တို့၏ ရှေးရှေး ဆရာ့ဆရာ အာစရိယ ပရမ္ပရထေရ်အရှင်တို့အနေဖြင့် သတိသမ္ပဇဉ်ယှဉ်ကာ ဒီဃဒဿီဉာဏ် အမြင်တို့ဖြင့် အကြိမ်ကြိမ်ညှိနှိုင်းစည်းဝေး တိုင်ပင်တော်မူကြ၍ ရေးဆွဲခဲ့ကြခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ထိုစည်းမျဉ်းစည်းကမ်းနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အခိုင်အမာရပ်တည်ပြီး မယိမ်းမယိုင် ရပ်တည်နိုင်ရေးအတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များမှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်တို့သာဖြစ်ပါသည်ဘုရား။ ထိုအဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်း၏ မထေရ်များခေတ်အဆက်ဆက် တာဝန်ကျေကျေ ဆောင်ရွက်ခဲ့ကြသောကြောင့် ယနေ့အထိ သံဃာ့အဖွဲ့အစည်းကြီး၏ လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ကြခြင်းဖြစ်ပါသည်ဘုရား။ ထိုသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မျက်မှောက်ခေတ် သာသနာတော်အတွက် အဆင့်မြင့်ဆုံး တာဝန်အရှိဆုံး သံဃာ့အဖွဲ့အစည်းကြီးဟု ဆိုရမည်ဖြစ်ပါသည်ဘုရား။

ယင်းသို့သော သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်လျက် တာဝန်ထမ်းဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အရှင်မြတ်တို့ကို ဇာတကပါဠိတော်၊ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်တော်လာဂါထာများဖြင့် ကောက်နုတ်၍ အကျဉ်းချုပ် လျှောက်ထားလိုပါသည်ဘုရား။

**ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊**
**မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။**
**သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊**
**ဧတံ ခန္တိံ ဥတ္တမ မာဟု သန္တော။ (ဇာ၊ ဒု၊ နှာ-၇)**

ဟူသောဒေသနာအရ ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာ ပြောဆိုလာသော မည်သို့သော ပုဂ္ဂိုလ်သော်မျှ ကောဓအမျက်မထွက်စေဘဲ သည်းခံမှု ခန္တီဂုဏ်တည်းဟူသော လက်နက်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် လက်နက်ဆန်း၊ လက်နက်ကောင်းဟူသမျှတို့ထက်



အဆအရာအထောင်မက လွန်ကဲထူးမြတ်သည့် သူတော်ကောင်းလက်နက်ကြီးဖြစ်ကြောင်းကို ပြဆိုထားပါသည်ဘုရား။

**န ဟေတမတ္တံ မဟတီပိ သေနာ၊**
**သရာဇိကာ ယုဇ္ဈမာနာ လဘေထ။**
**ယံ ခန္တိမာ သပ္ပုရိသော လဘေထ၊**
**ခန္တီ ဗလဿူ'ပသမန္တိ ဝေရာ။ (ဇာ၊ ဒု၊ နှာ-၈)**

ဟူသော ဒေသနာဖြင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် ပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် ကြုံတွေ့ဆက်ဆံလျက် ပြဿနာကိစ္စအဝဝတို့ကို ဖြေရှင်းဆောင်ရွက်နေရရာ အားလုံး၏ အလိုကျဖြစ်နိုင်မည်မဟုတ်ပါ။ အလိုမကျသောပုဂ္ဂိုလ်အချို့က အပြစ်ဖို့သည့်စကား ပြောဆိုလာသော်လည်း မည်သူ့အားမျှ ကောဓအမျက်မထွက်စေဘဲ သာသနာ့ဝန်ထမ်းရဟန်းလောက၌ သပ္ပုရိသဂိုဏ်းဝင် အရှင်ကောင်း အရှင်မြတ်များပီပီ အက္ခောဘနီ စစ်ကြီးချီ၍ တိုက်ခိုက်လာသော်လည်း မရနိုင်သည့် အကျိုးထူးကို ရစေနိုင်သော လက်နက်ကောင်း ခန္တီဂုဏ်နှင့် ပြည့်စုံတော်မူကြစေရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ဘုရား။

**ကာယေန ဝါစာယ ယော'ဓ သညာတော၊**
**မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။**
**န အတ္တဟေတု အလိကံ ဘဏာတိ၊**
**တထာဝိဓံ သီလဝန္တံ ဝဒန္တိ။ (ဇာ၊ ဒု၊ နှာ-၉)**

ဟူသော ဒေသနာနှင့်အညီ ကိုယ်နှုတ်စောင့်စည်းမှု၊ စိတ်ကို ထိန်းသိမ်းမှုဟူသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ လဇ္ဇီ ပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်းရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြစေရန်လည်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဂမ္ဘီရပဉ္ဉံမနသာ ဘိစိန္တယံ၊**
**နစ္စာဟိတံ ကမ္မကရောတိ လုဒ္ဒံ။**
**ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊**
**တထာဝိဓံ ပညဝန္တံ ဝဒန္တိ။ (ဇာ၊ ဒု၊ နှာ-၉)**

ဟူသော ဒေသနာနှင့်လျော်စွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား မြားနှင့်လေး ကျေးဇူးရှိမဲ့ ပြွမ်ပြွမ်လင်းလင်း ထိုးထွင်းသိမြင်ဆင်ခြင်နိုင်သော ဉာဏ်ပညာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ရဟန်းပညာရှင်တို့အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် မြဲမြဲကြပ်ကြပ် သတိချပ်တော်မူကြရန် လျှောက်ထားလိုပါသည်ဘုရား။

**ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊**
**ကလျာဏမိတ္တော ဒဠ္ဟဘတ္တိ စ ဟောတိ။**
**ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊**
**တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။ (ဇာ၊ ဒု၊ နှာ-၁၀)**

ဟူသော ဒေသနာတော်နှင့်အညီ ကျေးဇူးသိတတ် ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်း အပေါင်းဆုံ့ထ ဒုက္ခရောက်သူ ကူညီဖေးမ သပ္ပုရိသ ကျင့်စဉ်ကြီးကိုလည်း အစဉ်ကြီးပွားထွန်းကားစေတော်မူကြပါဘုရား။

**ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊**
**သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။**
**သင်္ဂါဟကံ သခိလံ သဏှဝါစံ၊**
**တထာဝိဓံ နော သိရီ နော ဇဟာတိ။ (ဇာ၊ ဒု၊ နှာ-၁၀)**

ဟူသော ဒေသနာတော်အရ လောကသားတို့ လိုလားအပ်သည့် ခြွေရံသင်းပင်းပေါများခြင်း၊ ကျေးဇူးသတင်းကျော်ဇောခြင်း၊ လောကအလယ် ဂုဏ်မငယ်ဘဲ တင့်တယ်ဖွယ်ရာရှိခြင်းဟူသော လောကအမြုတေ ကျက်သရေဂုဏ်အလုံးစုံသည့် ပြဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိဘာဂီ စသည့် အဖုံဖုံ ဂုဏ်ဆီပြည့်ဝ သပ္ပုရိသ လက္ခဏာရှိသူတို့အပေါ်၌သာ စွဲမှီတည်နေနိုင်သောကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အမြင့်ဆုံးဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေတန်ခိုး၊ သာသနာတော်မြတ်ကြီး၏ ကျက်သရေတန်ခိုး တိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို မိမိတို့သန္တာန်ဝယ် အခြေခံထားရှိကြစေရန် လျှောက်ထားလိုပါသည်ဘုရား။

ထိုလျှောက်ထားခဲ့ပြီးသော အကြောင်းများကို ထောက်ထားရှုမြော်တော်မူကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံသာမက အတိုင်းတိုင်း အပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံယူရသည့် မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး၊ အဆင့်မြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘင်္ဂဇာတ်တော်လာ ခန္တီတရားလက်ကိုင်ထားခြင်း၊ ဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ် ပါဝင်စေခြင်း၊ သာသနာတော်၏ အရေးကိစ္စများဖြစ်သည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စဟူသမျှတို့၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်များဖြစ်ခြင်း၊ ဆင်းရဲဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်း ဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ကိုယ်တိုင်လည်းပြည့်စုံအောင် မိမိတို့ပရိသတ်နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားလည်း ပြည့်စုံစေအောင် အားထုတ်တော်မူကြလျက် ကျေးဇူးတော်ရှင်သဗ္ဗညုဘုရားရှင်၏ သာသနဖြဟ္မစရိယ၊ မဂ္ဂဖြဟ္မစရိယသာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွား စည်ပင်တိုးတက်အောင် ဆောင်ရွက်တော် မူကြပါဟု တိုက်တွန်းရင်း ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြား ကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြား ကပ်လှူရန် ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၈၇) စတုရန်းပေအား ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ (၃၄၈၅) ချပ်ဖြစ်ပါသည်။ ၂၉-၂-၂၀၂၄ ရက်နေ့အထိ အလှူခံရရှိပြီးသော အချပ်ရေမှာ (၅၂၆) ချပ်သာ ဖြစ်ပါသည်။ လိုအပ်နေသော ရွှေစင်ရွှေပြား (၂၉၅၉) ချပ်ကို (၁) ချပ်လျှင် ၂၅၀၀၀၀၀/- (ကျပ်နှစ်ဆယ့် ငါးသိန်းတိတိ) ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန်အတွက်လည်း စေတနာရှင်များ လူကိုယ်တိုင်(သို့) အောက်ပါဘဏ်စာရင်းတွင် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေသင်္ကန်း၊ ရွှေစင်ရွှေပြားကပ်လှူရန် **"ပထမ"** အကြိမ် အလှူငွေပေးအပ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

နေ့ရက် - ၁၂-၃-၂၀၂၄ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) အင်္ဂါနေ့
အချိန် - မွန်းလွဲ (၁) နာရီ
နေရာ - စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ။

❖ ဆက်သွယ်နိုင်လှူဒါန်းနိုင်ပါသည်-

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)
ဖုန်း - ၀၉-၄၀၄၄၃၄၄၉၉
(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၅၁၃၅၆၉၈
(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၂၅၀၇၉၇၄၁၇
(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး
ဖုန်း - ၀၉-၄၄၂၂၅၂၆၇၀
(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်
စာရင်းအမှတ် (CF – 000873) သို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။
(၆) AYA Pay (Merchant ID. 20044314)

ရွှေစင်ရွှေပြားကပ်လှူရေး
အလှူငွေလက်ခံရေးဆပ်ကော်မတီ





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အခြားသာသနိကအဆောက်အဦများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုကြစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များက လာရောက်ဖူးမြော်ကြည်ညိုကြသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**ဖူးမြော်လေ့လာကြည်ညို**

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

**ဆောင်ရွက်ပုံများရှင်းလင်းပြောကြား**

ထိုကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးမှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဂေါပကအဖွဲ့ဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် မတ် ၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈ ၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁- ၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No- 06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

## ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူတူးဖော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၅**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ ရှေးဟောင်းဇုန်များ အတွင်းရှိ စေတီပုထိုးများအတွင်း ရေကြီးရေဝပ်မှု လျော့ကျနိုင်စေရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရန် အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် နှင့်အညီ ရှေးဟောင်းရေကန်များ ဖြစ်သည့် ဖျောက်ဆိပ်ပင်ကန် (၁၊ ၂၊ ၃) ကန်၊ ဖိုးသူတော်ကန်နှင့် မြောက်တစ်ဝက်ကန် စုစုပေါင်းငါးကန်ကို ရှေးမူမပျက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန် သတ်မှတ်ချက်များ အတိုင်းပြန်လည်ဆယ်ယူတူးဖော် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ပြီး မြောက်တစ်ဝက်ကန်မှာ ရာနှုန်းပြည့်နှင့် ဖျောက်ဆိပ်ပင်ကန်-၁ မှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ရှေးဟောင်းရေကန်များ ပြန်လည် တူးဖော်ပေးခြင်းဖြင့် ပုဂံခေတ် ရေအသုံးချမှုစနစ်ကို ပြန်လည် ဖော်ထုတ်နိုင်ခဲ့ပြီး မိုးရာသီကာလအတွင်း မိုးရေကို စုဆောင်း သိုလှောင်နိုင်ကာ ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံ ပြည်သူများအတွက် မိုးရာသီအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိစေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအကျိုးကျေးဇူးရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေလဝန်း သမအသင်းသား တောင်သူများ၏ စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**အင်္ဂပူ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ရွှေတောင်စုစံပြကျေးရွာရှိ ရွှေလဝန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ပန်းနှင့်ပန်းဂေါ်ဖီစိုက်ပျိုးသည့် အသင်းသား တောင်သူများအား တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေမှအရင်းမပျောက် မတည်ငွေအဖြစ် အသင်းသား ၅၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပုံပိုးငွေကျပ်သိန်း ၁၁၀ ထုတ်ပေးခဲ့သည်။

အဆိုပါအသင်းမှ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အသင်းသားတောင်သူများ၏ ပန်းနှင့် ပန်းဂေါ်ဖီစိုက်ခင်းများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၄) ဖြင့် **“ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ”** ကို ၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၄ ခုနှစ် မတ်လ ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါနည်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ( ၁၂ / ၂၀၂၄ )**

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ) တို့တွင်ပါရှိသော “ရက်ပေါင်း ၉၀” ဆိုသည့် စကားရပ်များကို “ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သည့်နေ့ရက်” ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ)၊ ပုံစံ (စ) အပိုဒ် ၃ တို့တွင်ပါရှိသော “ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀” ဆိုသည့်စကားရပ်များကို “ပါတီဝင်ဦးရေအနည်းဆုံး ၅၀၀၀၀” ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၀။ (က) ပါတီတစ်ခုသည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇) ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်း၍ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက် မနိမ့်သူတစ်ဦးဦးသည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇) ပါ အချက်တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

(ဂ) နည်းဥပဒေခွဲ(က)နှင့် (ခ) တို့အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။”

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၂။ ပါတီတစ်ခုသည် -

(က) မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီတစ်ရပ် ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်။

(ခ) ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဆ)အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်ကထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်။”

၆။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ည) တို့တွင်ပါရှိသော “ရက်ပေါင်း ၁၈၀” ဆိုသည့်စကားရပ်များကို “ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သည့်နေ့ရက်” ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း၊ “မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်” ဆိုသည့်စကားရပ်များကို “မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ” ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(စ) အပိုဒ် (၃) ပါ “ရက်ပေါင်း ၉၀ ပြည့်သည့်နေ့ရက်ထက် နောက်မကျစေဘဲ” ဆိုသည့်စကားရပ်ကို “ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်ထက်နောက်မကျစေဘဲ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(ဇ) အပိုဒ်(၁) ပါ “ပါတီဝင်ဦးရေ ၁၀၀၀၀၀” ဆိုသည့်စကားရပ်ကို “ပါတီဝင်ဦးရေ ၅၀၀၀၀” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၅**

ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက် မီဒီယာများနှင့် တရားမဝင် သတင်းဌာနများ၏ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ် လမ်းမှားမရောက်ရှိစေရေးအတွက် တရားဝင် သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ ဖတ်ရှုလေ့လာနိုင်ရေး အသိပညာပေး ဆောင်ရွက်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက မိမိတို့ ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး ၃ ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ထာဝရတည်တံ့ခိုင်မြဲစေရန်အတွက် စောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်ဖြစ်သဖြင့် အလေးအနက်ထား လိုက်နာကျင့်ကြံ နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပီသစွာဖြင့် နိုင်ငံတော်က ထုတ်ပြန်ထားရှိသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ပေးအပ်ထားရှိသည့် တာဝန်များကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ကောင်းမွန်ပြီးဖြစ်သည့် မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကို ဆက်လက်ထိန်းသိမ်း၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများ၏ ကျန်းမာရေး၊ စားသောက်နေထိုင်မှု၊ သက်သာချောင်ချိရေး တို့အတွက် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်ရှိသည်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်းနှင့် စစ်ဆေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ထွဋ်က ပြည်သူ့စစ်မှုထမ်း ဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့် ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှုထမ်းခြင်းမှ ရှောင်လွှဲပါက ကျခံရမည့် ပြစ်ဒဏ်များအကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် မလိုလားအပ်သည့် မီဒီယာအချို့၏ ကောလာဟလ လုပ်ကြံသတင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် မေးမြန်းဖြေကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဆိုလာအသေးစားဓာတ်အားပေးစနစ် အဓိကအခြေပြု ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေခြင်းအလုပ်ရုံဆွေးနွေးပွဲတက်ရောက်

နေပြည်တော် မတ် ၅

**ဆိုလာအသေးစားဓာတ်အားပေးစနစ် အဓိကအခြေပြု ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Wang Xianzhong၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးလင်းရေးကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များကို အသုံးပြုပြီး မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ကာလတို၊ ကာလရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်လုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်ဖြင့် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသော၊ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရရှိနိုင်သော ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို အိမ်သုံးဆိုလာစနစ်၊ ပြန်ပြည့်မြဲ စွမ်းအင်အသုံးပြု အသေးစားဓာတ်အားစနစ်များဖြင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယခုဘဏ္ဍာရေးနှစ်အထိ အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၁၀၀၇၅ ရွာနှင့် အသေးစားဓာတ်အားစနစ် (Mini-Grid)ဖြင့် စီမံကိန်းကျေးရွာပေါင်း ၁၇၁ ရွာတွင် တပ်ဆင်စွမ်းအား ၄၈ ဒသမ ၉၀၈ မဂ္ဂါဝပ်ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်၍ လူဦးရေ ၂ ဒသမ ၅ သန်း အကျိုးပြုနိုင်ခဲ့ပါကြောင်း၊ ယခုအခါ မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၃၉ ရာခိုင်နှုန်း လွှမ်းခြုံပေးနိုင်ခဲ့ပါကြောင်း၊ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သည့်အတွက် နိုင်ငံတော်ရန်ပုံငွေတစ်ခုတည်းဖြင့်သာမက နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သလို လက်ရှိတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြစ်သော မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ကျေးလက်မီးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ အသိပညာမျှဝေမှု၊ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပိုမိုကောင်းမွန်သည့် လုပ်ငန်းပုံစံများချမှတ်နိုင်ရန် နီးနှောဖလှယ်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ရရှိလာစေမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့် မိမိတို့၏ အတွေ့အကြုံများ၊ ဗဟုသုတများကို အခြေခံပြီး ကဏ္ဍရပ်အားလုံးအတွက် ရှုထောင့်အသီးသီးမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Wang Xianzhong မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဆိုင်ရာ ကျေးလက်မီးလင်းရေးလုပ်ငန်းများနှင့် အသေးစားဓာတ်အားပေးစနစ် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တည်ဆောက်ရေးကုမ္ပဏီ တာဝန်ရှိသူများက ဆိုလာအသေးစားဓာတ်အားပေးစနစ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများ၊ အတားအဆီးများနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ လှမျိုးအောင်က ဆိုလာအသေးစားဓာတ်အားပေးစနစ်ဆိုင်ရာ နည်းပညာနှင့်အသုံးချနိုင်မှုများကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်စန္ဒာဦးက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များ အသုံးပြုမှုနှင့် ရှေ့အလားအလာများကိုလည်းကောင်း၊ Inner Mongolia University of Technology, China မှ Professor Dr. Yan JIA နှင့် Professor Charlie DOU တို့က အသေးစား ဓာတ်အားပေးစနစ်ဆိုင်ရာ ဆိုလာစွမ်းအင်သုံး ထုတ်လုပ်မှုနည်းပညာရပ်ဖွံ့ဖြိုးရေးနှင့်တိုးတက်မှုအခြေအနေများ၊ ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှုတွင် ဆိုလာအသေးစားဓာတ်အားပေးစနစ် ရေရှည်ဖွံ့ဖြိုးစေရေးအတွက် အဓိကအချက်များကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရဲခေါင်က တနင်္သာရီတိုင်းဒေသကြီး၏ လျှပ်စစ်စွမ်းအင်ရရှိမှုအခြေအနေနှင့် အသုံးပြုလျက်ရှိသော စွမ်းအင်ရင်းမြစ်များကိုလည်းကောင်း၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း ဥက္ကဋ္ဌ ဦးသန်းဌေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ကဏ္ဍအလိုက်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဦးစီးဌာနများ တာဝန်ရှိသူများ၏ ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဟိုင်းကြီးကျွန်းမြို့အဝင် ရေလမ်းကောင်းမွန်ရေး သောင်တူးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် နန်းတား ကျောက်စီလှိုင်းကာ တည်ဆောက်နေမှုလုပ်ငန်းများ သွားရောက်စစ်ဆေး

**နေပြည်တော် မတ် ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်၊ တာဝန်ရှိသူများနှင့်အတူ မတ် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော ဟိုင်းကြီးကျွန်းမြို့ အဝင်ရေလမ်း အလျား ၇၄၅ မီတာ၊ ပျမ်းမျှ အကျယ် ၁၂၀ မီတာနှင့် အနက် ရေစစ်မျဉ်းအောက် ၇ မီတာ စုစုပေါင်း ၃၉၈၉၂၀ ကုဗမီတာ သောင်တူးဖော်ခြင်း **(အပေါ်ယာပုံ)** လုပ်ငန်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နန်းတားကျောက်စီလှိုင်းကာ အလျား ပေ ၅၀၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ဒုတိယဝန်ကြီးက သောင်တူး သင်္ဘောကြီးဖြင့် ဟိုင်းကြီးကျွန်းမြို့ အဝင်ရေလမ်း သောင်တူးဖော်နေမှုသည် ဒေသခံပြည်သူများအတွက် ရေလမ်းကုန်စည်ပို့ဆောင်မှု လုံခြုံချောမွေ့ ရုံသာမက ရေယာဉ်ကြီးများ၂၄ နာရီ ဝင်ထွက်နိုင်သဖြင့် များစွာ အကျိုးရှိသော လုပ်ငန်းဖြစ်ကြောင်း၊ သောင်တူးဖော်ရာတွင် သတ်မှတ်တူးလိုင်း အကျယ်၊ အနက် ရရှိစေရေး ဂရုပြုဆောင်ရွက်ကြရန်နှင့် သောင်တူးသင်္ဘောကြီးများသည် တန်ဖိုး ကြီးမားသည့်အတွက် ကိုင်တွယ် မောင်းနှင်သူများအနေဖြင့် သတ်မှတ်ထားသော Procedure များနှင့်အညီ စနစ်တကျ ထိန်းသိမ်းကိုင်တွယ် မောင်းနှင်ရန်လိုကြောင်း၊ မီးဘေးအန္တရာယ်မဖြစ်စေရေး သင်္ဘောသားတိုင်း အထူးအလေးထား ဂရုပြုရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ဝန်ထမ်းများ ခါးဆက်မပြတ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ပြီး စေတီတော် ရင်ပြင်တော်တိုးချဲ့ခြင်းအတွက် အလှူတော်ငွေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ကိုယ်စား ဘုရားဂေါပကနှင့် တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ နေပြည်တော် (ဇေယျာသီရိမြို့နယ်)၊ ပျဉ်းမနားမြို့၊ ချောက်မြို့၊အောင်လံမြို့၊တောင်ငူမြို့၊ ရွှေကျင်မြို့၊ လေးထပ်ပြင်မြို့နှင့် ဘားအံမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီကာလတွင် ဖွင့်လှစ်နိုင်တော့မည်

**နေပြည်တော် မတ် ၅**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Centers for Disease Control and Medical Training Center – Myanmar CDC) တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။



**နိုင်ငံတကာအဆင့်မီ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ခိုင်မာသည့် နှစ်နိုင်ငံ ဆက်ဆံရေးရှိသော အိမ်နီးချင်း နိုင်ငံများ ဖြစ်ကြပါကြောင်း၊ ယခု တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Centers for Disease Control and Medical Training Center)သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အကူအညီဖြင့် ၂၀၂၁ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းတစ်ခုဖြစ်ပြီး ဇီဝလုံခြုံမှုအဆင့်-၃ (Biosafety Level 3) အထိရှိသော ဓာတ်ခွဲခန်းများ အပါအဝင် နိုင်ငံတကာ အဆင့်မီ ဓာတ်ခွဲခန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး စနစ်များ ပါရှိသော သုံးထပ်ရောဂါကာကွယ် ထိန်းချုပ်ရေး အဆောက်အအုံ၊ သင်တန်းသား သင်တန်းသူ ၂၀၀ ခန့်ထားရှိ၍ လေ့ကျင့်သင်ကြား ပေးနိုင်မည့် သုံးထပ်ကျန်းမာရေး သင်တန်းကျောင်း အဆောက်အအုံနှင့် နှစ်ထပ်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံတို့ပါရှိမည်ဖြစ်ကာ ဤစီမံကိန်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးသော ဆွေမျိုး ပေါက်ဖော်ဆက်ဆံရေး၏ ပြယုဂ် တစ်ခုအဖြစ် ထင်ဟပ်စေမည့် နိုင်ငံတကာအဆင့်မီ စီမံကိန်း လည်းဖြစ်ပါကြောင်း၊ Myanmar CDC စတင်ဖွင့်လှစ်၍ လုပ်ငန်းများ လည်ပတ်နိုင်ချိန်တွင် မြန်မာနိုင်ငံအတွက် သာမက အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ အတွက်ပါ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အကျိုးရှိစေနိုင်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန တစ်ခုဖြစ်စေရန် ရည်ရွယ်ထားရှိကြောင်း၊ ယခုအခါ တည်ဆောက်မှု လုပ်ငန်းများ၏ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီကာလတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ Myanmar CDC တွင် တာဝန် ထမ်းဆောင်ကြမည့် ဓာတ်ခွဲဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများအား ပြည်တွင်း၌ လည်းကောင်း၊ ပြည်ပအတွေ့အကြုံရရှိနိုင်ရေးအတွက် တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်၍ လည်းကောင်း လေ့ကျင့်သင်တန်း ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရန် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးနှင့် တာဝန်ခံဆောင်ရွက် ပေးနေသော ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ကူးစက်)မှ Myanmar CDC တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၏ ပံ့ပိုး ဆောင်ရွက်ပေးမှု အခြေအနေများကိုလည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို Power point presentation ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညွှန်ကြားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Myanmar National CDC and Medical Training Center တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဇီဝလုံခြုံမှုအဆင့်-၂ (Biosafety Level 2) နှင့် ဇီဝလုံခြုံမှုအဆင့်-၃ (Biosafety Level 3) ရှိ ဓာတ်ခွဲခန်းများနှင့် အခြားဓာတ်ခွဲခန်းများတွင် စက်ပစ္စည်းများ ပြင်ဆင်နေမှုနှင့် တပ်ဆင်စမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ သင်တန်းခန်းမများ၊ သင်တန်းသားအိပ်ဆောင်များ၊ သင်တန်းသားများ၏ စားသောက်ခန်းမ ပြင်ဆင်ထားရှိမှု၊ အုပ်ချုပ်မှုဆောင်နှင့် အစည်းအဝေးခန်းမများကို လှည့်လည် ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပပြုလုပ်

**နေပြည်တော် မတ် ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေး အဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။



ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ရှိ နယ်မြေခံ တပ်ရင်းဌာနချုပ်သို့ နယ်လှည့် ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေး သီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက် ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ ကုန်စိမ်းသားငါးဈေးရုံသစ် တည်ဆောက်ပြီးစီး

**ပဲခူး မတ် ၅**


ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပဲခူးမြို့ကုန်စိမ်းသားငါးဈေးတွင် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောက်လုပ်သည့် ကုန်စိမ်းသားငါးဈေးရုံသစ် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ ဈေးရုံသစ်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၇၂ ဒသမ ၄၀၀၀ ဖြင့် ထူးသက်ဝေကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၃၆၀၊ အနံ ပေ ၅၀၊ အမြင့် ၁၉ ပေ ရှိ သွပ်မိုး၊ သံတိုင်၊ ကွန်ကရစ်ခင်း တစ်ထပ်ဈေးရုံဖြစ်ကြောင်း သိရသည်။

ကုန်စိမ်းသားငါးဈေးသစ်တွင် ဆိုင်ခန်းပေါင်း ၁၃၆ ခန်းပါရှိပြီး အသီးအနှံများ၊ အသီးအရွက်များ၊ အသား ငါး အစရှိသည့် ကုန်စိမ်းသားငါးများကို ပဲခူးမြို့နယ်ရှိ မြို့ရွာများသို့ လက်လီလက်ကားဖြန့်ဝေရောင်းချခြင်း၊ ဝယ်ယူခြင်းများ ဆောင်ရွက်သည့် ဗဟိုအရောင်းဝယ်ဒိုင်အဖြစ်ဆောင်ရွက်မည့် ဈေးဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး**



## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နေပြည်တော် မတ် ၅

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၅ ရက်အထိ တရုတ်နိုင်ငံသား ၁၉၆၉ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၈ ဦး၊ ထိုင်းနိုင်ငံသား ၉၃ ဦး၊ အိန္ဒိယနိုင်ငံသား ၃၃ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးတို့ အပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၂၂၀၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံ လွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၅ ရက် အထိ တရုတ်နိုင်ငံသား ၅၀၇၇၂ ဦး အပါအဝင် နိုင်ငံခြားသား စုစုပေါင်း ၅၂၈၂၀ ကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တန့်ဆည်မြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁၁ ဦးကို သတ်ဖြတ်ခဲ့ပြီး နေအိမ် ၅၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ










နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်ရှိ ကျေးရွာများမှ ပြည်သူ ၁၁ ဦးကို သတ်ဖြတ်ခြင်း၊ ကျေးရွာကိုးရွာမှ နေအိမ် ၅၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် လုပ်ကြံရေးသားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တန့်ဆည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁၁ ဦး ကို သတ်ဖြတ်ခဲ့ခြင်း၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခြင်း စသည့် သတင်းများမှာ မှန်ကန်မှုမရှိဘဲ လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် တန့်ဆည်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က ကံထူးမကျေးရွာရှိ နယ်မြေရဲစခန်းကို လာရောက်တိုက်ခိုက်ကာကျေးရွာရှိနေအိမ်များနှင့် နယ်မြေရဲစခန်းကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၄ ရက်၊ ၂၉ ရက်နှင့် မတ် ၄ ရက်တို့တွင်လည်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်လက်နက်ကြီးများ၊ ဒရုန်းများဖြင့် နှောင့်ယှက်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးနှင့် လေကြောင်းပစ်ကူယူ၍ ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Min Chit Thu” Facebook အကောင့်နှင့် “ညီမလေးရဲ့ကိုကို” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျွဲမကြေကျေးရွာနေ ကျော်ကျော်(ခ) ကျော်ကြီးအား နံနက် ၁၀ နာရီ မိနစ်၅၀ တွင် နတ်မောက်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရမည်းသင်းမြို့နယ် စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ နိုင်ငံတစ်ဝန်းမှ ပေါ်တာဆွဲခံရသော လူငယ် ၄၀၀ ကျော်ကို စစ်သင်တန်းတက်ရောက်ရန် ပို့ဆောင်လိုက်ကြောင်း ကောလာဟလသတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၅

ရမည်းသင်းမြို့နယ်ရှိ စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ မတ် ၂ ရက်က ၁၂ ဘီး ကားအစီး ၂၀ ဖြင့် လူငယ် ၄၀၀ကျော် ရောက်ရှိနေကြောင်း၊ အဆိုပါ လူငယ်များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း အပါအဝင် မြို့ကြီးများမှ ပေါ်တာဆွဲခံရသည့် လူငယ်များဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလသတင်းအမှားများကို မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ရမည်းသင်းမြို့နယ်ရှိ စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်နေ့တွင် စစ်သင်တန်းတက်ရောက်ရန် ၁၂ ဘီးကား အစီး ၂၀ ဖြင့် လူငယ် ၄၀၀ ကျော် ရောက်ရှိခြင်း မရှိကြောင်းနှင့် ယင်းသတင်းသည် ကောလာဟလ သတင်းအမှားများသာ ဖြစ်ကြောင်း သိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ပြည်သူများ၊ လူငယ်လူရွယ်များ စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်း စသည့်ကောလာဟလသတင်းအမှားများဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အမေရိကန် အကြိုရွေးကောက်ပွဲ မဲဆန္ဒရှင်အချို့ ပါတီကိုယ်စားလှယ်အား ဆန္ဒမဲပေး

ဝါရှင်တန် မတ် ၅

အမေရိကန်ပြည်နယ်တချို့ရှိ မဲဆန္ဒရှင်များသည် မတ် ၅ ရက် (စူပါအင်္ဂါနေ့)တွင် ရီပတ်ဘလီကင် ပါတီကိုယ်စားလှယ်အကြိုရွေးကောက်ပွဲ၌ စတင်ဆန္ဒမဲပေးခဲ့ကြသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ ယခု ရွေးကောက်ပွဲသည် အမေရိကန်နိုင်ငံ၌ အဓိက ရွေးကောက်ပွဲမတိုင်မီ ပြည်နယ်တချို့တွင် ဦးစွာကျင်းပရသည့် ပါတီကိုယ်စားလှယ် အကြိုရွေးကောက်ပွဲဖြစ်သည်။

ရီပတ်ဘလီကင်ပါတီ ကိုယ်စားလှယ်အကြိုရွေးကောက်ပွဲများကို မတ် ၅ ရက်တွင် ပြည်နယ်ပေါင်း ၁၅ ခု၌ ကျင်းပခဲ့သည်။

ရွေးကောက်ပွဲတွင် သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ရီပတ်ဘလီကင်ပါတီ၏ သမ္မတလောင်းအဖြစ် ဦးဆောင်လျက်ရှိသည်။ ယခုအချိန်အထိ ဒေါ်နယ်ထရမ့်သည် ပြည်နယ်ရှစ်ခုနှင့် အမေရိကန်ဗာဂျင်းကျွန်းဒေသတွင် အောင်မြင်မှုများရရှိလျက်ရှိသည်။

ကုလသမဂ္ဂသံအမတ်ဟောင်း နစ်ကီဟာလေးသည် ကိုလံဘီယာဒေသ၌ကျင်းပသော ပါတီကိုယ်စားလှယ်အကြိုရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည်။

နိုင်ငံတစ်ဝန်းသဘောထားစစ်တမ်းကောက်ယူမှုများဖြင့် ပြည့်နှက်နေသောတူထောက်ခံနှုန်းတွင် ထရမ့်သည် ဟာလေးကို အမှတ် ၆၀ အသာဖြင့် ဦးဆောင်လျက်ရှိသည်။




မဲများကို မတ် ၅ ရက် နေ့ဝင်းပိုင်းတွင် စတင်ရေတွက်မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## ဇန်နဝါရီတွင် ကမ္ဘောဒီးယားသို့ နိုင်ငံတကာခရီးသွား ၅၄၀၀၂၃ ဦး ဝင်ရောက်မှုရှိပြီး ၃၄ ရာခိုင်နှုန်း မြင့်တက်

ဖနောင်ပင် မတ် ၅

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတကာခရီးသွား ၅၄၀၀၂၃ ဦး ဝင်ရောက်မှုရှိခဲ့ကြောင်းနှင့် ယမန်နှစ် ဇန်နဝါရီလက နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၄၀၂၉၄၃ ဦးရှိသည့်အတွက် ယခုနှစ်တွင် ၃၄ ရာခိုင်နှုန်းအထိ သိသိသာသာမြင့်တက်လာကြောင်း မတ် ၅ ရက်တွင် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အစီရင်ခံဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံတကာခရီးသွားများအနက် ထိုင်းနိုင်ငံက အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့က အများဆုံးဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံတကာခရီးသွားများတွင် ထိုင်းနိုင်ငံက ခရီးသွား ၁၆၃၆၆၁ ဦး၊ ဗီယက်နမ်နိုင်ငံက ၈၅၇၀၀ နှင့် တရုတ်နိုင်ငံက ၄၆၇၈၁ ဦးရှိသည့်အတွက် ၁၇ ရာခိုင်နှုန်း၊ ၃၃ ရာခိုင်နှုန်းနှင့် ၈၇ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာကြောင်း သိရသည်။



ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ထောက်ပံ့ပေးသော မဏ္ဍိုင်လေးခုအနက်တစ်ခုဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၅ ဒသမ ၄၅ သန်းရှိခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံရရှိခဲ့ကြောင်းနှင့် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (ဂျီဒီပီ) ကို ၇ ဒသမ ၅ ရာခိုင်နှုန်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။ ဆင်ဟွာ

## အီတလီတွင် နှင်းများထူထပ်စွာကျဆင်းပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ဆယ်ကျော်သက်တစ်ဦး သေဆုံး

ရောမ မတ် ၅

အီတလီနိုင်ငံမြောက်ပိုင်းတွင် သီတင်းတစ်ပတ်ကျော်ကြာ နှင်းများထူထပ်စွာကျဆင်းကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ဆယ်ကျော် သက်တစ်ဦးသေဆုံးခဲ့ပြီး လူထောင်ချီအဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း အာဏာပိုင်များက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံအနောက်မြောက်ပိုင်း တောင်ကုန်းထူထပ်သောဒေသများတွင် တောင်ပြိုကျခြင်းများရှိကြောင်း သတင်းဖော်ပြမှုများရှိသလို အရှေ့မြောက်ပိုင်းတွင်လည်း တောင်ပြိုကျမှုများဖြစ်ပွားခဲ့သောကြောင့် အသက် ၁၆ နှစ်အရွယ် ဆယ်ကျော်သက်တစ်ဦး သေဆုံးခဲ့သည်။

အမျိုးသားပြည်သူ့ကာကွယ်ရေးအေဂျင်စီက သဘာဝဘေးအန္တရာယ်ဖော်ပြမှုတွင်အသုံးပြုလေ့ရှိသည့် အဆင့်သုံးဆင့်ရှိသည့် သတိပေးချက်အနက် အဆင့်နှစ် အဆင့်ရှိ လိမ္မော်ရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။

နောက်ထပ်နှင်းများ ပိုမိုကျဆင်းနိုင်ကြောင်း၊ လေပြင်းတိုက်ခတ်မှုများနှင့် တောင်ပြိုကျမှုများဖြစ်ပေါ်နိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ပြင်းထန်သောရာသီဥတုသည် လျှပ်စစ်မီးနှင့် အစားအသောက်အပေါ် လွှမ်းမိုးမှုရှိမည်မဟုတ်ကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။ သို့သော်လည်း ကျောင်းအများစုကို ပိတ်ထားရကြောင်း ၎င်းတို့က ပြောသည်။ ဆင်ဟွာ

## ဂါဇာကမ်းမြောင်ရှိ ကလေးငယ်များ အစာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

### စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် ကလေးငယ် ၁၀ ဦး သေဆုံး

ဂျီနီဗာ မတ် ၅

ကလေးငယ်များ ဝတ်မှုတ်ခေါင်းပါးမှုဘေးနှင့် အလွန်အမင်းကြုံတွေ့နေရကြောင်းပြောကြားပြီး ဂါဇာကမ်းမြောင်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရယူရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစွန်းရောက်ကိုတောင်းဆိုထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

### ဂါဇာမြောက်ပိုင်းသွားရောက်

အဖွဲ့ဝင်များသည် ပြီးခဲ့သည့်သီတင်းပတ်ကုန်က ဂါဇာကမ်းမြောင်မြောက်ပိုင်းသို့ သွားရောက်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရိုစ် အက်ဟာနွမ် ဂျီဘရီယက်ဆုစ်က မတ် ၄ ရက်တွင် ၎င်း၏ လူမှုမီဒီယာ၌ ရေးသားဖော်ပြခဲ့သည်။

### ဆိုးရွားသော ခြိမ်းခြောက်မှု

ထိုအပြင် ဒေသရှိတစ်ခုတည်းသော ကလေးဆေးရုံတွင် လူနာများဖြင့် ပြည့်နှက်နေကြောင်း၊ စားနပ်ရိက္ခာ ပြတ်လပ်မှုကြောင့် ကလေးငယ် ၁၀ ဦး သေဆုံးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကလည်း လူနာများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆိုးရွားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာကြောင်း၊ အထူးသဖြင့် အထူးကြပ်မတ် ကုသဆောင်နှင့် မွေးကင်းစ ကလေးဆောင်တို့ကဲ့သို့သော အရေးကြီးသည့်နေရာများတွင်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။



### ပစ်ခတ်မှုရပ်စဲရေး

အဆိုပါလူနာအားလုံးအတွက် အဓိကလိုအပ်သည့် ဆေးဝါးငြိမ်းချမ်းရေး သို့မဟုတ် ပစ်ခတ်မှုရပ်စဲရေးဖြစ်ကြောင်း ဂျီဘရီယက်ဆုစ်က ပြောသည်။

အင်န်ချိတ်ချ်ကေ

## ဘရူနိုင်းနိုင်ငံ၌ နေထိုင်ခွင့်သက်တမ်း ကျော်လွန်သော နိုင်ငံခြားသားနှစ်ဦးကို ဖမ်းဆီး

ဘန်ဒါဆီရီဘီဂါဝမ် မတ် ၅

အစိုးရဌာနများ ပူးပေါင်းဆောင်ရွက်လုပ်ရှားမှုအတွင်း ဘရူနိုင်းနိုင်ငံ၌ နေထိုင်ခွင့် သက်တမ်းကျော်လွန်မှုအတွက် နိုင်ငံခြားသား နှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း မတ် ၅ ရက်က တရားဝင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

လူဝင်မှုကြီးကြပ်ရေး၊ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့်အခြားသောဌာနများမှ ဥပဒေစိုးမိုးရေး တာဝန်ရှိသူများသည် ပူးပေါင်းဆောင်ရွက်လှုပ်ရှားမှုကိုစတင်ခဲ့ပြီး ဒေသတွင်း ကုန်သွယ်မှုဆိုင်ရာ အဆောက်အအုံအများအပြားရှိ နိုင်ငံခြားသား ၂၀၀ ကျော်ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

တရားဝင်စာရွက်စာတမ်းများ မပြသနိုင်မှုကြောင့် နောက်ထပ်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် နိုင်ငံခြားသား ၂၃ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ ၎င်းတို့ထဲမှ နိုင်ငံခြားသား နှစ်ဦးကို စွဲချက်တင်ကာ ထောင်ဒဏ်လချီနှင့် ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်



**မုံရွာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

### ကြိုတင်စီစဉ်ဆောင်ရွက်ကြ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကော်မတီအဖွဲ့များအနေဖြင့် မိမိတို့တိုင်းဒေသကြီးအတွင်း ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွင်းမှာရှိသည့် စာမတတ်သူများအား စိစစ်စာရင်းပြုစုပြီး စာသင်ကြားပေးခြင်းဖြင့် စာမတတ်သူများပပျောက်သွားစေရန် ရည်ရွယ်ပြီး လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယခုလိုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန်အတွက် ကြိုတင်ဆောင်ရွက်သင့်သည့်လုပ်ငန်းများကိုလည်း တိုင်းဒေသကြီးလုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့်လည်း ယခင်က စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းများရှိထားပြီးဖြစ်၍ ယခုလုပ်ငန်းစဉ်တွင်လည်း အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးမှူးက တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိမြို့နယ်များအတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်အတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်အကြံပြုဆွေးနွေး

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ ခုတင် (၂၀၀) ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးရှိ အထူးကြပ်မတ်ဆောင်တွင် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် မွေးရာပါအူကျုံရောဂါဖြင့် ခွဲစိတ်ဖွားမြင်ခဲ့သည့် ကလေးငယ်အား အူကျုံရောဂါခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ပြီး ဆေးရုံကြီးရှိ ဆရာဝန်၊ ဆရာမများ၏ အနီးကပ်ကြပ်မတ်ကုသပေးမှုဖြင့် ကျန်းမာကောင်းမွန်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ကလေးမိဘထံ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးအထူးကြပ်မတ်ဆောင်အတွင်း မွေးကင်းစကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဆရာဝန်များနှင့် သူနာပြုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဆရာဝန်ကြီးများနှင့် သူနာပြုများအား ရင်းရင်းနှီးနှီးတွေ့ဆုံရာ တာဝန်ရှိသူများက ဆေးရုံကြီး၏ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ လက်တွေ့အသုံးချဓာတ်ပုံပညာသင်တန်းဖွင့်လှစ်

**ပျဉ်းမနား မတ် ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)၌ လက်တွေ့အသုံးချဓာတ်ပုံပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းလွင်က သင်တန်းစည်းမျဉ်းစည်းကမ်းများ၊ သင်တန်းနည်းပြဆရာ ဦးကျော်ဇေယျ(ပျဉ်းမနား)က သင်ကြားပို့ချသွားမည့် သင်ခန်းစာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဓာတ်ပုံဝါသနာရှင်သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး မတ် ၄ ရက်မှ ၁၅ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ Camera Setting, Composition, Lighting Theory & Direction of Light, Concept, Portrait, Model, Landscape, Family Photo စသည့် ကဏ္ဍများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## နွေရာသီ ပန်းချီအခြေခံရေးဆွဲနည်းသင်တန်းဖွင့်လှစ်

**ကသာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကသာမြို့ ပန်းချီဆရာများအသင်းတို့ ပူးပေါင်း၍ ပန်းချီအခြေခံရေးဆွဲနည်း သင်တန်း(အခမဲ့)ဖွင့်ပွဲကို မတ် ၃ ရက်က ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းဝင်းက အမှာစကားပြောကြားပြီး ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက သင်တန်းဖွင့်လှစ်ရခြင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကို မတ် ၃၁ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၆ ဦး တက်ရောက်သင်ကြားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ပေါင်မြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲပြုလုပ်

**ပေါင် မတ် ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အခြေခံ ရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ပြုလုပ်ရာ ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးကျော်မြင့်နှင့် ပေါင်မြို့နယ် ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းနိုင်က ရှေးဦးပြုစုခြင်း၊ သင်ကြားရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားများ ပြောကြားသည်။



ထို့နောက် သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများကပေးအပ်ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် လှုဒါန်းပေးသောအလှူရှင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကိုသင်တန်းဆရာ ငါးဦးက သင်တန်းသား ၂၅ ဦးကို သုံးရက်ကြာ စာတွေ့လက်တွေ့ဖြင့် သင်ကြားပြသခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

**မော်လမြိုင်ကျွန်း မတ် ၅**

မော်လမြိုင်ကျွန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း (BDMC) အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို လှိုင်းဘုန်းကျေးရွာရှိ ချမ်းမြေ့ရတနာခန်းမ၌ မတ် ၄ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကား ပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိဒေါ်ဇာဇာလင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝေါဟာရများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းကြီးခုနစ်ရပ်အကြောင်း၊ ကြိုတင်ကာကွယ်ရေးနှင့် ဘေးလျော့ပါးရေး၊ ပြန်လည်ထူထောင်ရေး စသည့် သင်ခန်းစာအကြောင်းအရာများကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၄ ရက်မှ ၆ ရက်အထိဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



*၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး*

# အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် နှစ်စဉ် မတ်လ ၈ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပလေ့ရှိသည်။ လူမျိုး၊ ဘာသာ၊ အသားအရောင်နှင့် ဆင်းရဲ၊ ချမ်းသာ ခွဲခြားမှုမရှိဘဲ အမျိုးသမီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုသောအားဖြင့် ထိုနေ့ကို ကျင်းပပေးခြင်းဖြစ်သည်။ ၂၀ရာစု အစောပိုင်းကာလအတွင်း မြောက်အမေရိကနှင့် ဥရောပဒေသတို့တွင် ဖြစ်ပေါ်ခဲ့သော အမျိုးသမီးအလုပ်သမားများ၏ လှုပ်ရှားမှုများမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ပေါ်ထွန်းလာသည်ဟု ဆိုသည်။ မူလက ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်လုပ်နေသော အမျိုးသမီးများနေ့အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။**




အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်များသည် နယ်ပယ်အားလုံးရှိ အမျိုးသမီးများကို စိတ်ခွန်အားမြှင့်တင်ပေးရေး၊ ထောက်ပံ့ဖြည့်ဆည်းပေးရေး၊ အထူးသဖြင့် ကျား ၊ မ တန်းတူညီမျှမှုရှိရေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးများကို လုပ်ပိုင်ခွင့်အာဏာ ပိုမိုပေးအပ်သွားရေး၊ အားလုံးအတွက် လွှမ်းခြုံသည့် အရည်အသွေးပြည့်မီသော ပညာသင်ကြားခွင့်ရရှိရေးနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူခွင့်ရရှိရေးတို့ပင် ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွက် အမျိုးသမီးများနေ့ ဆောင်ပုဒ်သည် "အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး – Invest in Women: Accelerate Progress" ဖြစ်သည်။ အမျိုးသမီးများ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားမှသာလျှင် တိုးတက်မှုကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**ကျား၊မ တန်းတူ ညီမျှရေး**

ကျား၊ မ တန်းတူညီမျှခြင်းသည် စီးပွားရေးလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ အပါအဝင် အရင်းအမြစ်နှင့် အခွင့်အလမ်းများကို လိင်ခွဲခြားမှုမရှိဘဲ သာတူညီမျှရရှိနိုင်ခြင်းကို ဆိုလိုသည်။ ကျား၊ မ သာတူညီမျှရှိခြင်းသည် အမျိုးသမီးများ၏ အခွင့်အလမ်းကို ခိုင်မာသေချာစွာ အကာအကွယ်ပေးထားပြီး ယောက်ျား၊ မိန်းမ၊ ယောက်ျားကလေးနှင့် မိန်းကလေးတို့ကို အခွင့်အလမ်း သာတူညီမျှ ပေးထားခြင်းဖြစ်သည်။ ထို့အပြင် ကျား၊ မ သာတူညီမျှရှိခြင်းသည် အမျိုးသမီးများအား လိင်ကျွန်အဖြစ် ရောင်းချခြင်း၊ စစ်မက်ဖြစ်ပွားချိန်တွင် လိင်အကြမ်းဖက်မှုမှ ကာကွယ်ခြင်းနှင့် လိင်အခြေခံ၍ အလုပ်ကြမ်းခိုင်းစေခြင်းများကို ကာကွယ်ထားခြင်းပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်သော အမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်ပေါင်းစုံတွင် ရရှိနိုင်မည့်အခွင့်အလမ်းမှန်သမျှကို အမျိုးသားများကဲ့သို့ပင် မပိုမလို အညီအမျှ ခံစားခွင့်ရရှိနေခြင်းကို ကျား၊ မ တန်းတူအခွင့်အရေးရရှိသည်ဟု ခေါ်ဆိုသည်။ ကျား၊ မ တန်းတူညီမျှ နေထိုင်ခွင့်ရရှိခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ အမျိုးသမီးများသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှ ကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မှသာလျှင် ကျား ၊ မ တန်းတူညီမျှမှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးကြီးငယ်အရွယ်အားလုံးသည် ဆိုခဲ့ပါ အခွင့်အလမ်းများကို အမျိုးသားများနည်းတူ အပြည့်အဝခံစားခွင့်ရရှိနေကြသဖြင့် မြန်မာနိုင်ငံတွင် ကျား၊ မ တန်းတူညီမျှမှုရှိသည်ဟု အခိုင်အမာဆိုနိုင်ပါသည်။

**ကျား ၊ မ ခွဲခြားဆက်ဆံခံရ**

မျက်မှောက်ကာလတွင် တိုးတက်ပြောင်းလဲမှုများ မည်မျှပင်ရှိနေစေကာမူ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ၌ အမျိုးသမီးများအား ခွဲခြားဆက်ဆံနေဆဲပင်ဖြစ်သည်။ ထိုနိုင်ငံများတွင်အမျိုးသမီးများကို အမျိုးသားများ၏ ရမ္မက်ဆန္ဒဖြည့်ဆည်းရန်နှင့် အိမ်မှုကိစ္စအဝဝ လုပ်ဆောင်ရန်သက်သက်အတွက်သာ သဘောထားကြသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့သော အမျိုးသားများသည် အားနွဲ့သည့် အမျိုးသမီးများကို ပညာသင်ကြားခွင့်နှင့် အများပြည်သူများ၏ ရှေ့မှောက်တွင် လွတ်လပ်စွာ သွားလာခွင့်တို့ကို ကန့်သတ်တားမြစ်ပိတ်ပင်ထားကြသည်။ အထူးသဖြင့် အမျိုးသမီးတစ်ဦးသည် မိမိချစ်ခင်စုံမက်သူကို လွတ်လပ်စွာ ရွေးချယ်ခွင့်မရှိဘဲ ဘာသာရေး၊ လူမျိုးရေး၊ ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားဆက်ဆံခြင်း ခံနေကြရသည်။ ထို့ကြောင့် အချို့သော နိုင်ငံများတွင် ရုပ်ဝတ္ထုပစ္စည်းများ အံ့မခန်းတိုးတက်မှုရှိနေသော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်မူ ဆုတ်ယုတ်နေဆဲပင်ဖြစ်သည်။

မျက်မှောက် ကမ္ဘာကြီးတွင် လူဦးရေ ၈ ဒသမ ၁ ဘီလီယံကျော်ရှိနေပြီဖြစ်သည်။ အမျိုးသမီးဦးရေသည် ၄ ဘီလီယံကျော်ရှိသည်။ သို့သော် ကျား ၊ မ ခွဲခြားဆက်ဆံမှုကြောင့် ကမ္ဘာပေါ်တွင် ဆင်းရဲသူ ၁၀ ဦး တွင် ခြောက်ဦးသည် အားနွဲ့သည့် အမျိုးသမီးများဖြစ်သလို ကမ္ဘာ့စာမတတ်သူ သုံးပုံ၊ နှစ်ပုံသည်လည်း အမျိုးသမီးများပင် ဖြစ်နေကြသည်။ ကမ္ဘာပေါ်တွင် အမျိုးသားအများစုသည် နိုင်ငံရေးနှင့် တရားရေးဆိုင်ရာ နယ်ပယ်များတွင် အဓိကကျသော နေရာများကို လွှမ်းမိုးချုပ်ကိုင်ထားကြသည်။ နိုင်ငံအသီးသီးရှိ ဥပဒေပြုလွှတ်တော်များတွင်လည်း အမျိုးသမီးအမတ်အရေအတွက် ၂၂ ရာခိုင်နှုန်းသာ တွေ့ရှိရပါသည်။ ထို့အပြင် တရားဥပဒေအများစုသည်လည်း အမျိုးသမီးများကို အကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်ခြင်းမရှိသေးပေ။

**ကျား ၊ မ တန်းတူအခွင့်အရေးများရရှိနေ**

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင် အမျိုးသားများကဲ့သို့ ကျား၊ မ တန်းတူအခွင့်အရေးများ ရရှိခဲ့ကြသည်။ မျက်မှောက်ကာလတွင် အမျိုးသမီးများအား ပြောစရာမလိုလောက်အောင်ကိုပင် အခွင့်အရေးပေးထားပါသည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့် မိမိချစ်ခင်စုံမက်သူကိုရွေးချယ် လက်ထပ်ခွင့်များရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်ချယ်မှုမရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင် ကြိုးစားသလောက် ခံစားခွင့်ရရှိနေကြသည်။ အထူးသဖြင့် မျက်မှောက်ခေတ် ဒီမိုကရေစီနိုင်ငံသစ်ကို ချီတက်ရာတွင် အမျိုးသမီးများသည် လွှတ်တော်များတွင် ဥပဒေပြုရေးလုပ်ငန်းများအား ပြည်သူကိုယ်စားပြု အမတ်များအဖြစ် အမျိုးသားများနှင့်အပြိုင် ပါဝင်ဆွေးနွေးလျက်ရှိကြသည့်အပြင် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံ့ကိုယ်စားပြု သံအမတ်ကြီးများအဆင့်ကဲ့သို့ ကြီးလေးသော တာဝန်များကိုပင် အမျိုးသားများနည်းတန်းတူ တာဝန်ယူ ထမ်းဆောင်လျက်ရှိကြသည်။

**အမျိုးသမီးအသင်းအဖွဲ့များ**

မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝလုံခြုံမှုရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထိုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကြီးများသည် အမျိုးသမီးများ သာတူညီမျှအခွင့်အလမ်းများ ရရှိခံစားနိုင်စေရန် အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် အာဆီယံအမျိုးသမီးရေးရာကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်း နိုင်ငံများအနက် လူကုန်ကူးမှု တားဆီးရေးဥပဒေကို ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံလည်း ဖြစ်သည်။

အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီရေးဆွဲရေး၊ အမျိုးသမီးများအခွင့်အရေးနှင့် ကျား ၊ မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သည့်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**အရှိန်အဟုန်ဖြင့်တိုးတက်ရေး**
**အမျိုးသမီးများတွင်မြှုပ်နှံပေး**

အိမ်တစ်အိမ်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အမျိုးသားဝါဒ၊ အမျိုးသမီးဝါဒဆိုသော ရှေးရိုးစွဲဝါဒတွေကို စွဲကိုင်မထားဘဲ ကျား ၊ မ အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားများ၏တာဝန်၊ အမျိုးသမီးများ၏ တာဝန်ဟူ၍ သေးသိမ်စွာ ခွဲခြားနေသည်ထက် ကျရာအခန်းကဏ္ဍကို ပီပြင်စွာထမ်းဆောင်ခြင်းဖြင့်သာ အကျိုးပြုသွားရန် လိုအပ်ပါသည်။

နှစ်စဉ် မတ်လ ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်သည်။ အလွှာပေါင်းစုံမှ အမျိုးသမီးများကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးနိုင်ရန်အတွက် ထိုနေ့ကို ကျင်းပခြင်းဖြစ်သည်။ အချို့သော ကမ္ဘာ့နိုင်ငံများတွင် လက်ရှိအချိန်အထိ အမျိုးသမီးများကို နှိမ့်ချခွဲခြားဆက်ဆံမှုများ ရှိနေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ အမျိုးသမီးများသည် ကျား၊ မ ခွဲခြားဆက်ဆံခြင်းမခံရဘဲ အမျိုးသားများနည်းတူ သာတူညီမျှ အခွင့်အလမ်းများရရှိပိုင်ဆိုင်ထားကြသည်။ ကံကောင်းကြပါသည်။

ထိုသို့ရရှိနေခြင်းသည် ယခုမှ ရရှိခြင်းမဟုတ်ပေ။ ရှေးယခင် အစဉ်အဆက်ကတည်းကပင်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများကို မိသားစုတွင်း၌လည်း အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးထားပါသည်။ ဆိုရလျှင် အမျိုးသမီးများသည် အနာဂတ်၏ မိခင်လောင်းများပင်ဖြစ်ကြသည်။ မိခင်ကောင်းမှ တိုင်းပြည်ကောင်းမည် မဟုတ်ပါလား။


**"အိမ်တစ်အိမ်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အမျိုးသားဝါဒ၊ အမျိုးသမီးဝါဒဆိုသော ရှေးရိုးစွဲဝါဒတွေကို စွဲကိုင်မထားဘဲ ကျား ၊ မ အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားများ၏ တာဝန်၊ အမျိုးသမီးများ၏ တာဝန်ဟူ၍ သေးသိမ်စွာ ခွဲခြားနေသည်ထက် ကျရာအခန်းကဏ္ဍကို ပီပြင်စွာထမ်းဆောင်ခြင်းဖြင့်သာ အကျိုးပြုသွားရန် လိုအပ်"**

*စာမျက်နှာ ၁၈ သို့*

ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အားလုံးပါဝင် စားသုံးသူအခွင့်အရေး လှုပ်ရှားမှုများတွင်

ဟန်




### ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့

နှစ်စဉ် မတ်လ ၁၅ ရက်နေ့တိုင်းတွင် စားသုံးသူလှုပ်ရှားမှုအဖြစ် World Consumer Rights Day **"ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့"**ကို ကျင်းပလေ့ရှိပြီး ကမ္ဘာလုံးဆိုင်ရာ စားသုံးသူအခွင့်အရေး၊ စားသုံးသူကာကွယ်ရေးနှင့် စွမ်းဆောင်နိုင်မှုများကို အသိပညာမြှင့်တင်ပေးသည့် အလွန်အရေးပါသည့် နေ့တစ်နေ့ဖြစ်သည်။ အဆိုပါနေ့သည် မိမိအနေဖြင့် ပစ္စည်းများကို ဝယ်ယူသည့်အခါ မိမိ၏ အခွင့်အရေးများအကြောင်းကို မိမိကဲ့သို့ လူများကို သိနားလည်ရန် လုပ်ဆောင်ရမည့်နေ့ဖြစ်သည်။ စားသုံးသူအခွင့်အရေးဆိုသည်မှာ သင်ဝယ်ယူလိုသည့် ဝန်ဆောင်မှု(သို့မဟုတ်) ပစ္စည်းများနှင့်ပတ်သက်၍ အရေးကြီးသည့်အရာများဖြစ်သည့် အရည်အသွေး၊ ဈေးနှုန်းနှင့်စိတ်ချလုံခြုံမှုတို့ကို သိရှိနိုင်ခွင့်ရှိသည်။ တစ်နည်းအားဖြင့် World Consumer Rights Day သည် လူတိုင်းအတွက် တရားမျှတ၊ ဘေးကင်းပြီး ရေရှည်တည်တံ့သော ဈေးကွက်တစ်ခုအတွက် စားသုံးသူများ၏ စွမ်းအားနှင့် ၎င်းတို့၏ အခွင့်အရေးများကို မီးမောင်းထိုးပြနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို ဂုဏ်ပြုခြင်းသည် စားသုံးသူအားလုံး၏ အခွင့်အရေးကို လေးစားကာကွယ်ရန်၊ ဈေးကွက်ချိုးဖောက်မှုများနှင့် ထိုအခွင့်အရေးများကို ထိခိုက်စေသည့် လူမှုရေးမမျှတမှုများကို ဆန့်ကျင်ဆန္ဒပြရန် အခွင့်အရေးတစ်ခုဖြစ်သည်။ လူအများစုသည် စားသုံးသူများအနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို သတိမပြုမိကြသောကြောင့် ယခုကဲ့သို့ ကျင်းပခြင်းဖြင့် အဆိုပါ အကာအကွယ်တောင်းဆိုပိုင်ခွင့်ကို အခြားသူများအား သတိပြုမိစေရန်နှင့် ဈေးကွက်အတွင်း မသမာသောလှုပ်ရှားမှုများမှ ကင်းဝေးစေနိုင်မည်ဖြစ်သည်။

### ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့သမိုင်း

စားသုံးသူအခွင့်အရေးဆိုသည်မှာ ကုန်ပစ္စည်းအမျိုးမျိုး၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူသူတိုင်းသည် ထိုထုတ်ကုန်များ၏ အရည်အသွေး၊ သန့်ရှင်းမှု၊ ဈေးနှုန်းနှင့် စံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များကို ရရှိပိုင်ခွင့်ရှိသည်။ ထို့ပြင် စားသုံးသူအား ကုန်သွယ်မှု၏ မမျှတသော အလေ့အထများမှ အကာအကွယ်ပေးမှုဖြစ်သည်။

World Consumer Rights Day ကို ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အမေရိကန်ကွန်ဂရက်သို့ အထူးသဝဏ်လွှာ ပေးပို့ခဲ့သော သမ္မတ John F Kennedy က စားသုံးသူအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို တရားဝင် မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်း၏ မိန့်ခွန်းတွင် အရေးကြီးသည့် အခွင့်အရေးလေးခုဖြစ်သည့် ဘေးကင်းရန်အခွင့်အရေး၊ သိပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်နှင့် ကြားနာခွင့်များအကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် စားသုံးသူအခွင့်အရေးနှင့် ပတ်သက်၍ လှုပ်ရှားဆောင်ရွက်သည့် ပထမဆုံးသော ကမ္ဘာ့ခေါင်းဆောင်ဖြစ်သည်။ စားသုံးသူလှုပ်ရှားမှုကို စတင်ဆောင်ရွက်သည့် အဆိုပါရက်စွဲကို စားသုံးသူအခွင့်အရေးနေ့အဖြစ် သတ်မှတ်ကာ ၁၉၈၃ ခုနှစ်တွင် ပထမဆုံး စတင်ကျင်းပခဲ့သည်။ ယခုအခါ အရေးကြီးသော ကိစ္စရပ်များနှင့် လှုပ်ရှားမှုကမ်ပိန်းများ လုပ်ဆောင်ရန် နှစ်စဉ်နှစ်တိုင်း အဆိုပါနေ့ကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စားသုံးသူအခွင့်အရေးကာကွယ်သည့်လုပ်ငန်းသည် လူတန်းစားအလွှာအသီးသီးနှင့် သက်ဆိုင်သည့်အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူအဖွဲ့အစည်းမှကြီးမှူး၍ ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို ကမ္ဘာတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

### ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ ၂၀၂၄ ဆောင်ပုဒ်

နှစ်စဉ် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို ဂုဏ်ပြုရန်အတွက် စားသုံးသူအားလုံးနှင့် ပတ်သက်သည့် မတူညီသော အကြောင်းအရာများကို ဖြေရှင်းပေးသည့် သီးခြားဆောင်ပုဒ်တစ်ခု ရှိပါသည်။ ၂၀၂၁ ခုနှစ်၌ ပလတ်စတစ်အလွန်အကျွံပြဿနာကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ကျွန်ုပ်တို့ ဝယ်ယူသည့်အရာများ အထူးသဖြင့် ပလတ်စတစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ကို မည်သို့ ထိခိုက်စေနိုင်သည်ကို လူအများနားလည်စေရန် အသိပေးခြင်းအနေဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ ယခုနှစ် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ (World Consumer Rights Day 2024) ဆောင်ပုဒ်မှာ **"မျှတအလေးမူတာဝန်ယူ၊ စားသုံးသူအကျိုးပြုဉာဏ်ရည်တု"** ဖြစ်ကြောင်း ကြေညာခဲ့သည်။

၂၁ ရာစုအလွန် ယနေ့ခေတ်ကာလတွင် နေ့စဉ်နှင့်အမျှ မတူညီသော နည်းပညာ အသစ်အဆန်းများနှင့် တီထွင်ဆန်းသစ်မှုများ များပြားလာသည်ဖြစ်ရာ အမျိုးမျိုးသော နည်းပညာများအနက် မရှိမဖြစ် လူသားများ နေ့စဉ်ထိတွေ့နေရသောနည်းပညာမှာ AI (Artificial Intellengence) ခေါ် ဉာဏ်ရည်တုနည်းပညာဖြစ်သည်။ လူသားတို့ နေ့စဉ်အသုံးပြုနေရသည့် smart phone၊ computer စသည့် နေ့စဉ် လူနေမှုဘဝ၏ မရှိမဖြစ်ပစ္စည်းများမှာ AI နည်းပညာနှင့် မကင်းပေ။ အင်တာနက်စာမျက်နှာများတွင် အချက်အလက်များကို ရှာဖွေဖတ်ရှုချင်သည်ဖြစ်စေ၊ Youtube Netflix များ၌ ရုပ်ရှင်ဇာတ်လမ်းများ ကြည့်ရှုသည်ဖြစ်စေ၊ Amazon ကဲ့သို့ အွန်လိုင်းကနေ ဈေးဝယ်ယူခြင်းမျိုးဖြစ်စေ လူအများ၏ နေ့စဉ်လုပ်ဆောင်ချက်များနောက်ကွယ်၌ Artificial Intelligence ရှိနေသည်။

ဉာဏ်ရည်တုသည် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပုံသဏ္ဌာန် ပိုမိုပုံဖော်လာသည်နှင့်အမျှ မျိုးဆက်သစ် AI နည်းပညာ၏ အောင်မြင်မှုများသည် ဒစ်ဂျစ်တယ်ကမ္ဘာကို အရှိန်အဟုန်ဖြင့် သိမ်းပိုက်ခဲ့သည်။ သတင်းမှားများ၊ ကိုယ်ရေးကိုယ်တာ ချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံသည့် အလေ့အထများသည် နောင်ကာလများအတွက် စိုးရိမ်ပူပန်မှုများဖြစ်ပြီး AI နည်းပညာဖြင့် ဝန်ဆောင်မှုပေးနေသော ပလက်ဖောင်းများသည် မှားယွင်းသော အချက်အလက်များကို ဖြန့်ကြက်ပြီး ဘက်လိုက်မှုများ ဆက်လက်ဖြစ်ပေါ်စေနိုင်သည်။ တရားမျှတပြီး တာဝန်သိသည့် AI နည်းပညာဖြစ်လာစေရန် အဆိုပါ ပြဿနာတွေကို မြန်မြန်ဆန်ဆန် ဖြေရှင်းရမည်ဖြစ်သည်။

ထို့ပြင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာပြီး ခေတ်စနစ်များ ပြောင်းလဲလာသည့်အတွက် စားသုံးသူများ၏ အခွင့်အရေးများကိုလည်း ခေတ်နှင့်အညီ တိုးမြှင့်ကာကွယ်ပေးသွားနိုင်ရန် လိုအပ်လာသည်။ ယနေ့ခေတ်တွင် ဉာဏ်ရည်တုနည်းပညာသည် သုံးစွဲသူ လူသားများအတွက် တရားမျှတမှုရှိရမည်ဖြစ်သလို တစ်ဖက်၌လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝန်ဆောင်မှုများ၊ ကုန်စည်များ ပေးအပ်သည့်အခါ မိမိတို့ တာဝန်ယူရမည့် ကိစ္စရပ်များကို သိရှိလိုက်နာပြီး တာဝန်ယူနိုင်ရန် လိုအပ်သည်။ ထိုကဲ့သို့ လိုက်နာဆောင်ရွက်မှသာ ဉာဏ်ရည်တု နည်းပညာသည် လူသားများအား အကျိုးပြုသည့် နည်းပညာတစ်ရပ် ဖြစ်လာမည်ဖြစ်သည်။ ထိုကဲ့သို့ ဉာဏ်ရည်တုနည်းပညာကို ကိုင်တွယ်ဖြေရှင်းရန် အရေးပါလာသည့်အတွက် ယခုနှစ်၌ အလေးပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

### ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့၏ အရေးပါမှု

စားသုံးသူအခွင့်အရေးနေ့ကို ဂုဏ်ပြုခြင်းသည် စားသုံးသူအားလုံး၏အခွင့်အရေးကို လေးစားကာကွယ်ရန်၊ တောင်းဆိုရန်နှင့် ယင်းအခွင့်အရေးများကို ထိခိုက်စေသည့် လူမှုရေးမမျှတမှုများကို ဆန့်ကျင်ကန့်ကွက်ရန် ဖြစ်သည်။ ယနေ့ခေတ်တွင် သင့်အား စမတ်ကျသောဈေးဝယ်သူဖြစ်ရန်အတွက် ပစ္စည်းကိရိယာများကို ထောက်ပံ့ပေးထားသည်။ အချို့သော ကုမ္ပဏီများသည် လူအများကို လှည့်စားရန် သို့မဟုတ် အခွင့်ကောင်းယူရန် ကြိုးစားသည့် အချိန်အခါတွင် သင်၏စားသုံးသူအခွင့်အရေးကို သိရှိခြင်းက သင့်အားပြတ်သားစွာ ရပ်တည်နိုင်ပြီး ကောင်းမွန်သော ဆုံးဖြတ်ချက်များချနိုင်ရန် ကူညီပေးမည်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ် နောက်ပိုင်းနှစ်များတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ တောင်းဆိုချက်ကြောင့် စားသုံးသူကာကွယ်ရေးလှုပ်ရှားမှုသည် နိုင်ငံတကာအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ ၁၉၈၅ ခုနှစ် ဧပြီ ၉ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက် အမှတ်(၃၉/၂၄၈)ဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာမူဝါဒ (၈) ခု ချမှတ်နိုင်ခဲ့ပါသည်။ အာဆီယံနိုင်ငံများ အနေဖြင့်လည်း ၂၀၀၇ ခုနှစ်တွင် အာဆီယံစားသုံးသူကာကွယ်ရေး ညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ၏ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### ကွဲပြားမှုတစ်ခုပြုလုပ်ခြင်း

၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့သည် ဘေးကင်းရေး၊ ပွင့်လင်းမြင်သာမှုနှင့် ပညာပေးရေးဆိုင်ရာ ရည်မှန်းချက်များ ချမှတ်ရန်၊ စားသုံးသူဗဟိုပြု မူဝါဒများနှင့်ပတ်သက်၍ ဦးစားပေး အစီအစဉ်များကို ပြန်လည်ချိန်ညှိရန် အနာဂတ်အတွက် မျှော်လင့်ချက် ပြန်လည်အသက်ဝင်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

### စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်မှု

စားသုံးသူများသည် တရားမျှတမှုမရှိသော ကုန်သွယ်မှုအလေ့အကျင့်များ သို့မဟုတ် စားသုံးသူများအပေါ် မရိုးသားစွာ အမြတ်ထုတ်ခြင်းကို ဆန့်ကျင်သည့်အနေဖြင့် ပြန်လည်ဖြေရှင်းရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ စားသုံးသူတစ်ဦး၏ မကျေနပ်ချက်များကို

*စာမျက်နှာ ၁၈ သို့*

- ❖ **ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို ဂုဏ်ပြုခြင်းသည် စားသုံးသူအားလုံး၏အခွင့်အရေးကို လေးစားကာကွယ်ရန်၊ ဈေးကွက်ချိုးဖောက်မှုများနှင့် ထိုအခွင့်အရေးများကို ထိခိုက်စေသည့် လူမှုရေးမမျှတမှုများကို ဆန့်ကျင်ဆန္ဒပြရန် အခွင့်အရေးတစ်ခုဖြစ်သည်။ လူအများစုသည် စားသုံးသူများအနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို သတိမပြုမိကြသောကြောင့် ယခုကဲ့သို့ ကျင်းပခြင်းဖြင့် အဆိုပါ အကာအကွယ်တောင်းဆိုပိုင်ခွင့်ကို အခြားသူများအား သတိပြုမိစေရန်နှင့် ဈေးကွက်အတွင်း မသမာသောလှုပ်ရှားမှုများမှ ကင်းဝေးစေနိုင်မည်**
- ❖ **ယနေ့ခေတ်တွင် ဉာဏ်ရည်တုနည်းပညာသည် သုံးစွဲသူလူသားများအတွက် တရားမျှတမှုရှိရမည် ဖြစ်သလို တစ်ဖက်၌လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝန်ဆောင်မှုများ၊ ကုန်စည်များ ပေးအပ်သည့်အခါ မိမိတို့ တာဝန်ယူရမည့် ကိစ္စရပ်များကို သိရှိလိုက်နာပြီး တာဝန်ယူနိုင်ရန် လိုအပ်**

*စာမျက်နှာ ၁၇ မှ*

တရားမျှတစွာ ဖြေရှင်းနိုင်ခွင့် လည်းရှိပြီး မကျေနပ်ချက်ရှိပါက တရားဝင်တိုင်ကြားနိုင်သည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်ချက်အရ စားသုံးသူကာကွယ်ရေးဥပဒေ၌ စားသုံးသူ၏ အခြေခံ အခွင့်အရေး (၈)ရပ်အား ပြဋ္ဌာန်းထားသည်။ အဆိုပါ အခွင့်အရေး(၈)ရပ်မှာ–

(၁) စားသုံးသူများအတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အခြေခံ လိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှု ရရှိစေခြင်း၊

(၂) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့် ရှိခြင်း၊

(၃) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူအသုံးပြုရာတွင် လိုအပ်သောသတင်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာ သိရှိခွင့်နှင့် ပြေစာ သို့မဟုတ် အထောက်အထား ရယူခွင့်ရှိခြင်း၊

(၄) ဈေးကွက်အတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ စိတ်ကြိုက် ရွေးချယ် ဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(၅) စားသုံးသူ နစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့် ရရှိနိုင်စေခြင်း၊

(၆) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့် နစ်နာ ဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိခြင်း၊

(၇) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတများ၊ အခွင့်အရေးများနှင့် လိုအပ်သော အချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်ရှိခြင်း၊

(၈) ပစ္စုပ္ပန်တွင်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ ကောင်းမွန်သာယာသော လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်း စသည့် အချက်များဖြစ်သည်။

၎င်းအခွင့်အရေး(၈)ရပ်နှင့်အညီ ချိုးဖောက်ခံရပါက စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများကို စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားနိုင်သည်။

စားသုံးသူ၏အခွင့်အရေးများအတွက် ပြင်ဆင်ကာကွယ်ပေးထားသလို စားသုံးသူများ၌လည်း တာဝန်ရှိပါသည်။ ၎င်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့်လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူရာတွင် သဘောတူညီထားသည့် တန်ဖိုးနှင့်အညီ ပေးချေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုမှု၊ ပြုလုပ်မှုတို့ကိုရှောင်ကြဉ်ခြင်း၊

(ဃ) အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

၎င်းအချက်များကိုလည်း စားသုံးသူများအနေဖြင့် ဝန်ဆောင်မှုပေးမည့် စီးပွားရေးလုပ်ငန်းများအပေါ်အပြန်အလှန် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂၀၁၁ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား စားသုံးသူကာကွယ်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ပေးအပ်ခဲ့ပြီး အဆိုပါလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအဖြစ်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စားသုံးသူရေးရာဦးစီးဌာနအဖြစ် သီးခြားပြောင်းလဲဖွဲ့စည်းကာ စားသုံးသူ အကာအကွယ်ပေးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင်အခန်း (၁၅)ခန်း ပုဒ်မ ၈၄ ခုဖြင့်လည်းကောင်း၊ စားသုံးသူကာကွယ်ရေး နည်းဥပဒေများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် အခန်း(၁၆)ခန်း၊ အပိုဒ် ၁၂၆ ပိုဒ် ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး စံလုပ်ငန်း လမ်းညွှန်အား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်စွဲဖြင့် ရေးဆွဲ၍ တိုင်ကြားမှုများကို လက်ခံဖြေရှင်းအရေးယူ ဆောင်ရွက်ပေးလျက်ရှိသည်။

စားသုံးသူအခွင့်အရေးများနှင့် ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနက ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသကဲ့သို့ စားသုံးသူ ပြည်သူများကိုယ်တိုင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ စားသုံးသူပြည်သူများအနေဖြင့် မိမိတို့၏စားသုံးသူ အခွင့်အရေးများကို ထိရောက်မှန်ကန်စွာ ရရှိနိုင်မည် ဖြစ်ပါသည်။ အခန်း(၁၉) ပုဒ်မ ၄၄ တွင် စားသုံးသူ ပြည်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အရေး ပေးထားသည်။ ပုဒ်မ ၄၄ အရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် စားသုံးသူ နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ကို တိုင်ကြားလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်း တစ်ခုခုဖြင့်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးမှူးရုံးသို့ သက်သေအထောက်အထားနှင့်အတူ တိုင်ကြားနိုင်သည်။ ထိုသို့တိုင်ကြားရာတွင် နစ်နာသည့် စားသုံးသူကိုယ်တိုင်သော်လည်းကောင်း၊ နစ်နာသည့် စားသုံးသူ၏ မိသားစုဝင်များကသော်လည်းကောင်း၊ နစ်နာသည့်စားသုံးသူနှင့် ဆက်နွှယ်သော ပုဂ္ဂိုလ်များကသော်လည်းကောင်း၊ အစိုးရဌာန အဖွဲ့အစည်းများကသော်လည်းကောင်း၊ စားသုံးသူဆိုင်ရာ အသင်းအဖွဲ့များကသော်လည်းကောင်း တိုင်ကြားနိုင်သည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အလွယ်တကူ တိုင်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ခရိုင်ဦးစီးမှူးရုံးများတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center–CICC) များကို ဖွင့်လှစ်ထားရှိသည်။ CICC များက လိုအပ်သော အချက်အလက်များ ဖြည့်သွင်းခြင်း၊ အထောက်အထားများ ရယူခြင်းများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးသို့ ဆက်လက်တင်ပြမည် ဖြစ်သည်။ ထို့အတူ စားသုံးသူရေးရာဦးစီးဌာန၏ Website ဖြစ်သော www .doca .gov .mm သို့လည်း ဝင်ရောက်၍ တိုင်ကြားနိုင်သည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးသည် စားသုံးသူ တိုင်ကြားလာမှုနှင့် ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ညှိနှိုင်းဖြေရှင်းပေးခြင်း၊ စီမံ ခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ဦးစီးမှူးရုံးများ၏ စီမံခန့်ခွဲပိုင်ခွင့်ကို ကျော်လွန်သော ဖြစ်စဉ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူရေးရာကော်မတီများသို့ ဆက်လက်တင်ပြမည်ဖြစ်သည်။ စားသုံးသူများ နစ်နာဆုံးရှုံး စေမှုအတွက် လိုအပ်ပါက တရားစွဲဆိုသည်အထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ကျန်းမာပျော်ရွှင် စားသုံးသူအခွင့်အရေးမှာပါဝင်**

တရားမျှတမှုမရှိသော ကုန်သွယ်မှု အလေ့အကျင့်များနှင့် ၎င်းတို့၏ ဝယ်သူများအပေါ် လိမ်လည် လှည့်စားသောကုမ္ပဏီများမှ ကင်းဝေးစေရေးမှာ အရေးကြီးသည်။ World Consumer Rights Day သည် လူအများအား လိမ်လည်မှုဆိုင်ရာ အလေ့အကျင့်များကို ဆန့်ကျင်သည့် အသံများနှင့် အသိပညာပေးခြင်းကို ပြုလုပ်စေမည်ဖြစ်သည်။ စားသုံးသူများကိုယ်တိုင် ကမ္ဘာ့စားသုံးသူနေ့ကို အသိပညာမြှင့်တင်ရန်နှင့် ကမ္ဘာ့စားသုံးသူများ ပိုမိုကောင်းမွန်လာရန်အတွက် အပြောင်းအလဲများ ဆောင်ကြဉ်းလာနိုင်မည့်နေ့တစ်နေ့ဖြစ်သည်။

အတိုချုပ်ပြောရလျှင် World Consumer Rights Day သည် ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဝယ်ယူသည့်အခါတွင် သင့်အခွင့်အရေးများအား နားလည်ရန် ကူညီပေးသောကြောင့် အရေးပါသည့် နေ့ရက်ဖြစ်သည်။တရားမျှတမှုမရှိသော ကုန်သွယ်မှု အလေ့အကျင့်များနှင့် ၎င်းတို့၏စားသုံးသူများအပေါ် လိမ်လည်လှည့်စားသော ကုမ္ပဏီများမှ ဘေးကင်း လုံခြုံစွာရှိရန် အရေးကြီးသည်။ World Consumer Rights Day သည် လူများအား လိမ်လည်မှုဆိုင်ရာ အလေ့အကျင့်များကို ဆန့်ကျင်သည့် အသံများနှင့် အသိပညာပေးခြင်းကို ဖြစ်ပေါ်စေပြီး မိမိရှင်သန်ရာ ပတ်ဝန်းကျင်တွင် ပိုမိုကောင်းမွန်သော ရွေးချယ်မှုများပြုလုပ်ရန် စွမ်းအားပေးလျက် ရှိမည်ဖြစ်ကြောင်း မတ်လ ၁၅ ရက်နေ့တွင် ကျရောက်မည့် စားသုံးသူ အခွင့်အရေးများနေ့အား ဂုဏ်ပြုသောအားဖြင့် ရေးသားဖော်ပြအပ်ပါသည်။ ။

ကိုးကား–

စားသုံးသူရေးရာဦးစီးဌာန

Consumers International

---

*စာမျက်နှာ ၁၆ မှ*

အထူးသဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှု အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ခိုင်မာအားကောင်း သက်ဝင်မှုရှိသော တရားဥပဒေဖြင့် အကာအကွယ်ပေးသွားရန် လိုအပ်ပေသည်။

အမှန်တော့ ကျား၊ မ တန်းတူညီမျှရေးသည် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ သို့သော် **စီးပွားရေး အကျပ်အတည်းမှသည် ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့လာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းနှင့် ပဋိပက္ခပေါင်းစုံ ကြီးထွားလာခြင်းတို့ကြောင့် အမျိုးသမီးများသည် ခွဲခြားဆက်ဆံမှု ပိုမိုခံစားလာကြရသည်။ ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၂၀၃၀) ရည်မှန်းချက် ချမှတ်ကာ အားလုံးဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်း ဆောင်ရွက်လျက်ရှိ**သည်။ ကျား၊ မ တန်းတူညီမျှမှုရှိစေရန်နှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့် ပိုမိုပေးအပ်ရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက် ၁၇ ချက်တွင် ထည့်သွင်းချမှတ်ထားရှိသည်။

လက်ရှိကမ္ဘာကြီးတွင် လူမှုအသိုက်အဝန်းများကို ဖိအားပေးလျက်ရှိသော ပြဿနာပေါင်းစုံကို ရင်ဆိုင်ရလျက်ရှိသည့်အတွက် ကျား၊ မ သာတူညီမျှရှိခြင်းသည် အခြားသောအရာများစွာထက် အရေးပါလျက်ရှိသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အလမ်း ခိုင်မာသေချာအောင် ဆောင်ရွက်ပေးခြင်းသည် မျိုးဆက်သစ်များအတွက် သာယာဝပြောသော စီးပွားရေးနှင့် ကျန်းမာသော ကြံ့ခိုင်သော ကမ္ဘာကြီးတည်ဆောက်ပေးနိုင်မည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကျား၊ မ သာတူညီမျှရရှိရေးအတွက် နှစ်စဉ် ကမ္ဘာတစ်ဝန်းအတွက် အမေရိကန်ဒေါ်လာ ၃၆၀ ဘီလီယံခန့် သုံးစွဲသွားရန်လိုအပ်သည်။ ကိုဗစ်–၁၉ ကပ်ရောဂါနောက်ဆက်တွဲ ဆိုးကျိုးများကြောင့် လက်ရှိအချိန်တွင် အမျိုးသမီး သန်း ၃၄၀ ခန့်သည် ဆင်းရဲမွဲတေမှု သတ်မှတ်ချက်မျဉ်းအောက်တွင် ရောက်ရှိနေသည်။ အထူးသဖြင့် ပဋိပက္ခများနှင့် ကုန်ဈေးနှုန်း ကြီးမြင့်လာမှုများသည် ထိခိုက်လွယ်အုပ်စုဖြစ်သည့် အမျိုးသမီးများအပေါ် သက်ရောက်မှု ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများအပါအဝင် ဆင်းရဲတွင်းနက်နေသော အသိုက်အဝန်းများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

---

## ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲ အများဆုံးတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၉ သန်း ရရှိခဲ့

**ရန်ကုန် မတ် ၅**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလသည် ပို့ကုန်သက်တမ်း ၁၁ လတာ အတွင်း ဆန်နှင့်ဆန်ကွဲ စုစုပေါင်း ၂၆၂၁၁၆ တန်အထိ စံချိန်တင် တင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၉ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သိရသည်။

ဖေဖော်ဝါရီလအတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့သည့် ကုမ္ပဏီ ၅၉ ခုရှိခဲ့ပြီး ဆန် ၁၆၇၄၄၅ တန်နှင့် ဆန်ကွဲ ၉၄၆၇၁ တန် တင်ပို့နိုင်ခဲ့ကြောင်းသိရကာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၁၃၄၃၅၁၀ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ ၈၅၇၁၃ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအလိုက် ဆန်တင်ပို့ခဲ့သည့်နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၈၉၂၉၀ အများဆုံးတင်ပို့ခဲ့ပြီး စပိန်သို့ တန် ၂၅၀၀၀ ၊ ပိုလန် ၁၉၄၅၈ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၁၉၅၀၊ မလေးရှားသို့ ၆၁၄၂ တန်နှင့် အခြား ၁၈ နိုင်ငံသို့ ၁၅၆၀၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့အတူ ဆန်ကွဲဝယ်ယူမှုအနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၃၄၇၅၀၊ တရုတ်နိုင်ငံမှ ၁၉၃၁၃ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၄၆၆၂ တန်၊ ပိုလန်နိုင်ငံမှ ၁၂၄၁၅ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၄၄၄၆ တန်နှင့် အခြား ၁၀ နိုင်ငံသို့ ၉၀၈၅ တန် ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စာရင်းများ အရသိရသည်။

ပြည်ပနိုင်ငံများသို့ ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ကာလအတွင်း စုစုပေါင်း ဆန်စပါး ပို့ကုန်၁၄၂၉၂၂၃ တန်တင်ပို့ခဲ့ရာ နိုဝင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၇၅၉၉၀ တင်ပို့မှုမှကန်ဒေါ်လာသန်း ၉၀၊ ဒီဇင်ဘာလအတွင်း ဆန်နှင့် ဆန်ကွဲ ၁၉၅၈၂၉ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၉ သန်း ရှိခဲ့သည်။

ထို့အပြင်၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဆန်နှင့် ဆန်ကွဲ ၂၁၃၆၀၅ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၁ သန်း၊ ဖေဖော်ဝါရီလအတွင်း ၂၆၂၁၁၆ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၉ သန်း ရရှိကြောင်း သိရသည်။ **MT**

❖ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက် အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးသူ (ဂိုး)၊ ဟိန်းသီဟဇော်၊ အောင်နိုင်ဝင်း၊ ရဲရင့်အောင်တို့ကို နိုင်ငံခြားသားကစားသမား နှစ်ဦးဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် ရဲရင့်အောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားခဲ့ပြီး ၂၁ မိနစ်တွင် မတ်ခ်ဆာကီ၊ ၂၈၊ ၄၃ မိနစ်တွင် စအောင်ပြည့်ကိုတို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများ လဲလှယ်အသုံးပြုခဲ့ပြီး နောက်ဆုံးပွဲသိမ်းဂိုးကို ၅၆ မိနစ်တွင် သက်ဝေမိုးက သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းအတွက် ဂိုးများကို ၄၅+၁ မိနစ်တွင် ကျော်ဝင်း၊ ၅၉ မိနစ်တွင် John Kui Hleih၊ ၇၄ မိနစ်တွင် ကျော်စွာထက်၊ ၉၀+၃ မိနစ်တွင် ရာဇာမျိုးတို့က သွင်းယူခဲ့ပြီး ရွှေပြည်သာအသင်းအတွက် ဂိုးများကို ၂၂ မိနစ်တွင် ဉာဏ်မင်းထက်၊ ၇၆ မိနစ်တွင် ကျော်ခြူး၊ ၈၈ မိနစ်တွင် ဖြိုးချစ်တို့က သွင်းယူသည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် ပထမပွဲအနိုင်ရခဲ့သည့် ပွဲထွက်ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး အနိုင်ဂိုးများကို ပွဲအစ ၁၅ မိနစ်အတွင်း နှစ်ဂိုးနှင့် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄ မိနစ်တွင် အီမန်နျူရယ်၊ ၁၅ မိနစ်တွင် တက်တာ၊ မိနစ် ၉၀ တွင် လမင်းထွေးနှင့် ၉၀+၄ မိနစ်တွင် ဥက္ကာနိုင်တို့က သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက Rainbow အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ၂၁၊ ၅၉၊ ၆၃ မိနစ်တွင် သွင်းယူသည့် လန်းဆန်းအောင်၏ ဟက်ထရစ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့အပြီးတွင် အုပ်စု (က) ၌ ရန်ကုန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မဟာယူနိုက်တက်နှင့် GFA အသင်းက တစ်ပွဲကစား သုံးမှတ်စီရထားပြီး ရွှေပြည်သာအသင်းနှင့် တက္ကသိုလ်အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စု (ခ) ၌ ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းက တစ်ပွဲကစား သုံးမှတ်စီ ရထားပြီး Rainbow အသင်းနှင့် Glory Goal အသင်းတို့က နှစ်ပွဲ စလုံးရှုံးကာ အမှတ်မရသေးပေ။

မတ် ၆ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် Dagon Port အသင်း၊ တက္ကသိုလ်ကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**




❍*ကျောဖုံးမှ*

ဂိုးကန်သွင်းမှု စုစုပေါင်း ၂၂ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်တွင် ခြောက်ကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။

ရှက်ဖီးလ်အသင်းသည် ယခုပွဲစဉ်တွင် သွင်းဂိုးခြောက်ဂိုး ခွင့်ပြုပေးခဲ့ရသည့်အတွက် ပရီမီယာလိဂ် ၂၇ ပွဲကစားပြီးချိန်တွင် ပေးဂိုး ၇၂ ဂိုးအထိရှိလာပြီး ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ထို့အပြင် ရှက်ဖီးလ်အသင်းသည် ၂၇ ပွဲကစားပြီး ရမှတ် ၁၃ မှတ်သာ စုဆောင်းထားနိုင်သည့်အတွက် လာမည့်နှစ် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေနိုင်ပွဲရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

အာဆင်နယ် အသင်းသည် ပရီမီယာလိဂ်တွင် အဝေးကွင်း သုံးပွဲဆက်နိုင်ပွဲရယူပြီး ငါးဂိုးနှင့်အထက် သွင်းယူနိုင်သည့် ပထမဆုံးအသင်း ဖြစ်လာခဲ့သည်။ ထို့အပြင် ရှက်ဖီးလ်အသင်းသည် ပြိုင်ပွဲစုံ အိမ်ကွင်းလေးပွဲဆက်ရှုံးနိမ့်ပြီး ငါးဂိုးနှင့်အထက် ခွင့်ပြုပေးခဲ့ရသည့် ပထမဆုံး ပရီမီယာလိဂ်ကလပ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အောင်ဇော်**

## နေ့အပူချိန်များ

**နေပြည်တော် မတ် ၅-** ယနေ့ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၁၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၃၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



မကွေးတိုင်းဒေသကြီး ချောက်မြို့၌ မီးဘေးလုံခြုံရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသခြင်းကို မတ် ၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးသက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများကို မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြသစဉ်။ ကျော်မိုး(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၅၆၄ | ၄၆၂၁၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၃၄၇ | ၆၇၅၆၈၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂ | ၁၅၄၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၄ | ၆၂၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၈၀၀ | ၁၂၅ | ၂၁၉၈၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၁ | ၄၈၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၃၆ | ၂၃၈၀၀၀ |

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Global Network Aisa Co.,Ltd. ၏ (၃၁-၈-၂၀၂၃)ရက်စွဲပါ ED အမှတ် (200110890940)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်နှင်းဝေမွန် ၁၄/ဖပန(နိုင်)၂၄၅၃၁၇**
**Ph-09-761001982,**
**09-799597285**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/36291, Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းထိုက် ၁၄/အဂပ(နိုင်) ၂၀၉၀၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်ကွက်တွင် တည်ရှိသော ကွင်းအမှတ်-၇၉၉(ပန်းဘဲတန်း)၊ ဦးပိုင်အမှတ် ၁၅၄/၂ ဧရိယာ ၀.၀၅၅ဧကရှိ ပိုင်းမြေကွက်ကို (၇-၁၀-၂၀၂၃)ရက်က ဒေါ်ခိုင်ခိုင်မှ ကျွန်တော် ဦးမောင်နိုင်ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးမောင်နိုင်၏အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမည်ဖြစ်ပါသဖြင့် မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်နိုင် (ဘ)ဦးကျော်သိန်း**
**၉/သစန(နိုင်)၁၁၁၅၄၀**
**နီလာရပ်ကွက်၊ စစ်ကိုင်းမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အင်ပူမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်းနေ အမိ ဒေါ်အုန်းကြည် ၏ သားဖြစ်သူ မောင်ကျော်ဝေလှိုင် ၁၄/အဂပ(နိုင်) ၁၈၈၉၇၂ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဒေါ်အုန်းကြည်-(မိခင်)**
**၁၄/အဂပ(နိုင်)၀၀၈၆၇၅**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် Human Resources Management System အတွက် Software အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender,26.Software (2023-2024) |
| **တင်ဒါစတင်သည့်ရက်** | - | ၆-၃-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်** | - | ၁၂-၃-၂၀၂၄ ရက်နေ့၊ |
| **ရက်နှင့်အချိန်** | | မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၃-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် မြေကွက်အမှတ် ဒ-၃၂၅၆၈ အစား ဒ-၃၂၅၆၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

အထက(ခွဲ) မြောက်ချောကုန်း၊ မှော်ဘီမြို့နယ်၊ (ဘ)ဦးဒေးဗစ်ဟိုက်ဘိတ် (၁၂/မဘန(နိုင်) ၁၀၁၂၇၅)၏သမီး ကောဒသမတန်း (G-II) မှ မဒေါရယ်တီ ၁၂/မဘန(နိုင်)၂၁၀၀၅၂ အား မဒေါရယ်တီ ဟု ပြောင်းလဲခေါ်ပါရန်။ **မဒေါရယ်တီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

